
Open Myanmar Initiative

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၂)

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း အဆိုများ လေ့လာချက်)





လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင်

ဖွန် ၂၀၁၄

လွှတ်တော် စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အမှတ် - ၂

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက်

(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ
အဆိုများ လေ့လာချက်)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

Open
Myanmar
Initiative

အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၅၃ ၄၀ ၈၀
E-mail : research@omimyanmar.org

**မျက်နှာဖုံးဒီဇိုင်းဖွင့်ဆိုချက်**
မျက်နှာဖုံးပါ သရုပ်ဖော်ပုံတွင်
ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များမှ
အစည်းအဝေး ပထမခြောက်ကြိမ်တွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်များကို
နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်သည်။

**အချက်အလက် ကောက်ယူသူများ**
ရာဇာ၊ မြတ်မင်းခန့်၊ ကျော်ဇောဦး၊ ထက်ပိုင်ထွန်း၊
နေသက်သက်ငွေ၊ ဝင်းဝင်းအေး၊ မြတ်ဆုအောင်
**သုတေသန ပြုလုပ်သူများ**
ရဲမင်း၊ လှမျိုးကျော်
**အစီရင်ခံစာပြုစုသူများ**
ဇေခိုင်၊ ထင်ကျော်အေး

*၂၀၁၄ ခုနှစ် ဖွန်လတွင် ထုတ်ဝေသည်။*

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် **မာတိကာ**


**အနှစ်ချုပ်** ၉

အခန်း (၁) **နိဒါန်း** ၁၁

၁.၁.၀။ သုတေသနရည်ရွယ်ချက် ၁၂

၁.၂.၀။ နည်းနာဗေဒ ၁၂

၁.၂.၁။ ဝေါဟာရ ရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု ၁၅

၁.၃.၀။ လေ့လာမှုအတိုင်းအတာ ၁၈

အခန်း (၂) **လွှတ်တော်ဆိုင်ရာ နောက်ခံအချက်အလက်များ** ၁၉

၂.၁.၀။ ပြည်သူ့လွှတ်တော် ၂၀

၂.၁.၁။ ပြည်သူ့လွှတ်တော်၌ ပါတီများ ပါဝင်မှု ၂၁

၂.၁.၂။ ပြည်သူ့လွှတ်တော်၌ ကျား-မ ပါဝင်မှု ၂၁

၂.၁.၃။ ပြည်သူ့လွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု ၂၁

၂.၁.၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ ၂၂

၂.၁.၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင် ၂၂

၂.၂.၀။ အမျိုးသားလွှတ်တော် ၂၂

၂.၂.၁။ အမျိုးသားလွှတ်တော်၌ ပါတီများ ပါဝင်မှု ၂၃

၂.၂.၂။ အမျိုးသားလွှတ်တော်၌ ကျား-မ ပါဝင်မှု ၂၃

၂.၂.၃။ အမျိုးသားလွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု ၂၃

၂.၂.၄။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ ၂၄

၂.၂.၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင် ၂၄

အခန်း (၃) **ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့် အဆိုများကို အရေအတွက်အခြေပြု လေ့လာချက်** ၂၅

၃.၁.၀။ ပြည်သူ့လွှတ်တော်အတွင်း တင်သွင်းခဲ့သည့် အဆိုများကို နှိုင်းယှဉ်လေ့လာမှုများ ၂၆

၃.၁.၁။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း ၂၆

၃.၁.၂။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း ၂၈

၃.၁.၃။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း ၂၈

၃.၁.၄။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း ၂၉

၃.၁.၅။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအား လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုကို လေ့လာခြင်း ၃၁

၃.၁.၆။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း ၃၃
၃.၁.၇။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း ၃၄
၃.၁.၈။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်များကို လေ့လာခြင်း ၃၅
၃.၁.၉။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများဆိုင်ရာ အချက်အလက်များကို အပြန်အလှန် ဆက်စပ်လေ့လာခြင်း ၃၆
အခန်း (၄) **ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့် အဆိုများကို အရေအတွက်အခြေပြု လေ့လာချက်** ၃၉
၄.၁.၀။ အမျိုးသားလွှတ်တော်အတွင်း တင်သွင်းခဲ့သည့် အဆိုများကို နှိုင်းယှဉ်လေ့လာမှုများ ၄၀
၄.၁.၁။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း ၄၁
၄.၁.၂။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း ၄၂
၄.၁.၃။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း ၄၂
၄.၁.၄။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း ၄၃
၄.၁.၅။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအား လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုကို လေ့လာခြင်း ၄၅
၄.၁.၆။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း ၄၇
၄.၁.၇။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း ၄၈
၄.၁.၈။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်များကို လေ့လာခြင်း ၄၉
၄.၁.၉။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများဆိုင်ရာ အချက်အလက်များကို အပြန်အလှန် ဆက်စပ်လေ့လာခြင်း ၅၁
အခန်း (၅) **ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော်၌ တင်သွင်းခဲ့သည့် မေးခွန်းများ အရေအတွက်အခြေပြု လေ့လာချက်** ၅၃
၅.၁.၀။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆိုများကို ပါတီအလိုက်လေ့လာခြင်း ၅၄

၅.၂.၁။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်အလိုက် လေ့လာခြင်း ၅၄
၅.၃.၁။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအား လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုကို လေ့လာခြင်း ၅၅
၅.၄.၁။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆိုများဆိုင်ရာ အချက်အလက်များကို ဆက်စပ်လေ့လာခြင်း ၅၇
အခန်း (၆) **အကြံပြုချက်များ** ၆၁
**ရည်ညွှန်းကိုးကား စာရင်း** ၆၂

# ဇယားများ မာတိကာ


ဇယား (၂.၁) ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အရေအတွက်ပြဇယား ၁၉

ဇယား (၃.၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက် ၂၅

ဇယား (၃.၂) ပြည်သူ့လွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများတွင် အဆိုလေးခုနှင့်အထက် တင်သွင်းခဲ့သည့် ကိုယ်စားလှယ်များ ၂၆

ဇယား (၃.၃) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပါတီအလိုက် အဆိုတင်သွင်းမှုပြဇယား ၂၉

ဇယား (၃.၄) လွှတ်တော်ခြောက်ကြိမ်အတွင်း အဆိုဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များ ၃၁

ဇယား (၃.၅) ပြည်သူ့လွှတ်တော် ပထမကြိမ်မှ ဆဋ္ဌမအကြိမ်ထိ တိုင်းရင်းသားအလိုက် အဆိုဆွေးနွေးမှု ၃၂

ဇယား (၃.၆) ပြည်သူ့လွှတ်တော် ပထမကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပါတီအလိုက် အဆိုဆွေးနွေးမှု ၃၂

ဇယား (၃.၇) ပြည်သူ့လွှတ်တော် ပထမကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ကိုယ်စားပြု ဒေသအလိုက် အဆိုဆွေးနွေးမှု ၃၃

ဇယား (၃.၈) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှုပြဇယား ၃၄

ဇယား (၃.၉) ကိုယ်စားပြုပါတီတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု ၃၆

ဇယား (၄.၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက် ၃၉

ဇယား (၄.၂) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် အဆိုငါးခုနှင့်အထက် တင်သွင်းခဲ့သည့်လွှတ်တော်ကိုယ်စားလှယ်များ ၄၀

ဇယား (၄.၃ ) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပါတီအလိုက် အဆိုတင်သွင်းမှု ၄၃

ဇယား (၄.၄) လွှတ်တော်ခြောက်ကြိမ်အတွင်း အဆို ဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များ ၄၅

ဇယား (၄.၅) အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်တွင် တိုင်းရင်းသားအလိုက် အဆိုဆွေးနွေးမှု ၄၆

ဇယား (၄.၆) အမျိုးသားလွှတ်တော် ပထမ ခြောက်ကြိမ်တွင် ပါတီအလိုက် အဆိုဆွေးနွေးမှု ၄၆

ဇယား (၄.၇) အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်တွင် ကိုယ်စားပြုဒေသအလိုက် အဆိုဆွေးနွေးမှု ၄၇
ဇယား (၄.၈) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှုပြဇယား ၄၈
ဇယား (၄.၉) ကိုယ်စားပြုပါတီတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု ၅၁
ဇယား (၅.၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက် ၅၃
ဇယား (၅.၂) ပြည်ထောင်စုလွှတ်တော် ခြောက်ကြိမ် အတွင်း အဆိုဆွေးနွေးမှုအများဆုံး ကိုယ်စားလှယ်များ ၅၅
ဇယား (၅.၃) ပြည်ထောင်စုလွှတ်တော်ပထမ ခြောက်ကြိမ်တွင် တိုင်းရင်းသားအလိုက်အဆိုဆွေးနွေးမှု ၅၅
ဇယား (၅.၄) အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်တွင် ပါတီအလိုက် အဆိုဆွေးနွေးမှု ၅၆
ဇယား (၅.၅) ပြည်ထောင်စုလွှတ်တော် ပထမခြောက်ကြိမ်တွင် ကိုယ်စားပြုဒေသအလိုက် အဆိုဆွေးနွေးမှု ၅၇

## ပုံများ မာတိကာ

ပုံ (၃-၁) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးခြောက်ကြိမ်အတွင်းအဆိုတင်သွင်းမှု ၂၇
ပုံ (၃-၂) ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု ၂၈
ပုံ (၃-၃) ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အဆိုတင်သွင်းမှု ၃၀
ပုံ (၃-၄) ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းမှုအများဆုံး အကြောင်းအရာများ ၃၃
ပုံ (၃-၅) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးခြောက်ကြိမ်အတွင်း တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ၃၅
ပုံ (၄-၁) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးခြောက်ကြိမ်အတွင်းအဆိုတင်သွင်းမှု ၄၁
ပုံ (၄-၂) အမျိုးသားလွှတ်တော်တွင် တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု ၄၂
ပုံ (၄-၃) အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အဆိုတင်သွင်းမှု ၄၄
ပုံ (၄-၄) အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းမှုအများဆုံး အကြောင်းအရာများ ၄၇
ပုံ (၄-၅) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးခြောက်ကြိမ်အတွင်း တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ၄၉
ပုံ (၅-၁) ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုတင်သွင်းမှု ၅၄
ပုံ (၅-၂) ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု ၅၆
ပုံ (၅-၃) ပြည်ထောင်စုလွှတ်တော်တွင် အဆိုတင်သွင်းသည့် အကြောင်းအရာများ ၅၈

# ပါတီအမည်များနှင့် အတိုကောက်စကားလုံးများ

| | |
|---|---|
| AMRDP | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>All Mon Regions Democracy Party |
| CNDP/ CNP | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ယခင် ချင်းအမျိုးသားပါတီ)<br>Chin National Democratic Party (former Chin National Party) |
| CPP | ချင်းတိုးတက်ရေးပါတီ<br>Chin Progressive Party |
| DNDP | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ<br>Danu National Democracy Party |
| INDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Inn National Development Party |
| KPP | ကရင်ပြည်သူ့ပါတီ<br>Kayin Peoples Party |
| KSDDP | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Kayin State Democracy and Development Party |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု<br>National Democratic Force |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>National League for Democracy |
| NNDP | အမျိုးသားဒီမိုကရေစီပါတီသစ်<br>New National Democracy Party |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ<br>Pao National Organization |
| PSDP | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ<br>Phalon-Sawaw Democratic Party |
| RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>Rakhine Nationalities Development Party |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ<br>Shan Nationalities Democratic Party |
| TNP | တအာင်း(ပလောင်)အမျိုးသားပါတီ<br>Ta-Arng (Palaung) National Party |
| UDPKS | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)<br>Unity and Democracy Party of Kachin State |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>Union Solidarity and Development Party |
| WDP | "ဝ"ဒီမိုကရက်တစ်ပါတီ<br>Wa Democratic Party |

## မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက်
## (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများအတွင်း အဆိုများလေ့လာချက်)
## အနှစ်ချုပ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်လေ့လာစောင့်ကြည့်ရေးအစီအစဉ်၏ အစီရင်ခံစာ အမှတ် (၂) တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးထိ တင်သွင်းဆွေးနွေးခဲ့သော အဆိုများကို ကိန်းဂဏန်းအခြေပြု အရေအတွက်ပြု သုတေသနနည်းဖြင့် လေ့လာဆန်းစစ်ရာမှ ထွက်ပေါ်လာသော တွေ့ရှိချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။

**အဆိုတင်သွင်းမှု**

ပြည်သူ့လွှတ်တော်တွင် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ရက်ပေါင်း ၁၇၃ ရက်အတွင်း အဆိုပေါင်း ၁၅၄ ခုရှိခဲ့ပြီး တစ်ရက်ပျမ်းမျှ အဆို ၀.၉ ခုတင်သွင်းနိုင်ခဲ့သည်။ အမျိုးသားလွှတ်တော်တွင် ပုံမှန်အစည်းအဝေးခြောက်ကြိမ် ရက်ပေါင်း ၁၆၉ ရက်အတွင်း အဆိုပေါင်း ၁၄၉ ခုရှိခဲ့ပြီး တစ်ရက်ပျမ်းမျှ အဆို ၀.၈၈ ခုတင်သွင်းနိုင်ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် ပုံမှန်အစည်းအဝေး ပထမခြောက်ကြိမ် ရက်ပေါင်း ၉၈ ရက်ရှိကာ အဆို ၃၈ ခုတင်သွင်းခဲ့သဖြင့် တစ်ရက်ပျမ်းမျှ အဆို ၀.၃၉ ခုတင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရသည်။ တစ်ရက်လျှင် အဆိုလေးခုထက်ပိုမိုခြင်း မရှိစေရ နည်းဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း လက်တွေ့တွင်မူ ထိုနှုန်းကို ပြည့်မီခြင်းမရှိကြောင်း တွေ့ရသည်။

**အဆိုဆွေးနွေးမှု**

ပြည်သူ့လွှတ်တော်တွင် တင်သွင်းသော အဆိုနှစ်ခုလျှင် တစ်ခုခန့်၊ အမျိုးသားလွှတ်တော်တွင်မူ အဆိုငါးခုတင်လျှင် လေးခုခန့်၊ ပြည်ထောင်စုလွှတ်တော်တွင် အဆိုလေးခုလျှင် တစ်ခုခန့် ဆွေးနွေးခြင်းခံရကြောင်း တွေ့ရသည်။ ဆွေးနွေးရန် လက်ခံခြင်းမရှိသော အဆိုများရှိသလို၊ ဆွေးနွေးရန်လက်ခံပြီး မဆွေးနွေးဖြစ်သော အဆိုများလည်း ရှိခဲ့ကြောင်း တွေ့ရသည်။

**အဆိုအတည်ပြုမှု**

ပြည်သူ့လွှတ်တော်တွင် တင်သွင်းသည့်အဆို ၁၅၄ ခု၊ ဆွေးနွေးသည့်အဆို ၈၀ ခု အနက် ၆၆ ခုကို အတည်ပြုနိုင်ခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တင်သွင်းသည့်အဆို ၁၄၉ ခု၊ ဆွေးနွေးသည့်အဆို ၁၂၄ ခုအနက်မှ အဆို ၇၀ ခုကို အတည်ပြုနိုင်ခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသည့်အဆို ၃၈ ခု၊ ဆွေးနွေးသည့်အဆို ၁၀ ခုအနက်မှ အဆိုတစ်ခုကိုသာ အတည်ပြုနိုင်ခဲ့ကြောင်း တွေ့ရသည်။

**ကိုယ်စားပြုပါတီများ**

USDP သည် ပြည်သူ့လွှတ်တော်တွင် အဆို ၉၅ ခု၊ အမျိုးသားလွှတ်တော်တွင် ၉၅ ခုနှင့် ပြည်ထောင်စုလွှတ်တော်တွင် ၂၇ ခု တင်သွင်းခဲ့ပြီး လွှတ်တော်သုံးရပ်လုံးတွင် အဆိုအများဆုံး တင်သွင်းသည့် ပါတီဖြစ်ကြောင်း တွေ့ရသည်။ ထို့အတူ အတည်ပြုခံရသည့် အဆိုအရေအတွက်တွင်လည်း ပြည်သူ့လွှတ်တော်တွင် ၄၇ ခု၊ အမျိုးသားလွှတ်တော်တွင် ၅၃ ခုနှင့် ပြည်ထောင်စုလွှတ်တော်တွင် ၁ ခုတို့ဖြင့် USDP မှအများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းမှုတွင် NDF မှ ဒုတိယအများဆုံး ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၁၇ ခုတင်သွင်းခဲ့ပြီး အတည်ပြုခံရမှု အရေအတွက်တွင် NLDမှ ၅ ခုဖြင့် ဒုတိယအများဆုံး ဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းမှုနှင့် အတည်ပြုခံရမှုအရေအတွက်တွင် NDF မှ ဒုတိယအများဆုံးဖြစ်ခဲ့ပြီး အဆို ၉ ခုတင်သွင်းကာ ၄ ခုအတည်ပြုခံရသည်။

USDP သည် လွှတ်တော်ကိုယ်စားလှယ် အများဆုံးရှိနေသည့်ပါတီဖြစ်သည့်အတွက် အဆိုများကို ဝင်ရောက်ဆွေးနွေးမှုတွင် မူရင်းအဆိုတင်သွင်းသည့်လွှတ်တော်ကိုယ်စားလှယ်၏ ပါတီမှ ဝင်ရောက်ဆွေးနွေးမှု

ထက်ပင် ပိုမိုအားကောင်းစွာ ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း တွေ့ရသည်။ သို့သော် ပြည်သူ့လွှတ်တော်တွင်မှ USDP သည် SNDP နှင့် NLD တို့မှ လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းသော အဆိုများအပေါ် USDP မှ ဆွေးနွေးမှုတွင် ထိုပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှု အရေအတွက်ထက် ကျော်လွန်ဆွေးနွေးခြင်းမရှိခဲ့ကြောင်း တွေ့ရသည်။ သို့သော် USDP သည် မည်သည့်ပါတီမှ တင်သွင်းသည့်အဆိုကိုမဆို ဝင်ရောက်ဆွေးနွေးဖူးကြောင်း တွေ့ရသည်။

**ရွေးကောက်ခံကိုယ်စားလှယ်များ အဆိုတင်သွင်းမှု**

ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခြင်းမတွေ့ရသည့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ၂၈၆ ဦး ရှိခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခြင်းမတွေ့ရသည့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ၁၀၈ ဦး ရှိခဲ့သည်။

**တပ်မတော်သားကိုယ်စားလှယ်များ အဆိုတင်သွင်းဆွေးနွေးမှု**

ပြည်သူ့လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ်တစ်ဦး အဆိုတင်သွင်းပြီး၊ တပ်မတော်သားကိုယ်စားလှယ်ငါးဦး အဆိုဆွေးနွေးဖူးကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် တစ်ဦးအဆိုတင်သွင်းပြီး၊ တပ်မတော်သားကိုယ်စားလှယ် ၁၄ ဦး အဆိုဆွေးနွေးဖူးကြောင်းတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးဝင်ရောက်ဆွေးနွေးမှုရှိကြောင်း တွေ့ရသည်။

**တိုင်းရင်းသားအလိုက် အဆိုတင်သွင်းဆွေးနွေးမှု**

အဆိုတင်သွင်းမှုနှင့် ဆွေးနွေးမှုတွင် ဗမာတိုင်းရင်းသားများ၏ တင်သွင်းဆွေးနွေးမှုမှာ အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဗမာတိုင်းရင်းသားများသည် အဆို ၁၁၇ ကြိမ်တင်သွင်းခဲ့သည်။ ထိုပမာဏသည် အခြားတိုင်းရင်းသားများအားလုံး အဆိုတင်သွင်းသည့်နှုန်း၏ သုံးဆဖြစ်သော ပမာဏဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် ဗမာတိုင်းရင်းသားများသည် အဆို ၉၇ ကြိမ်တင်သွင်းခဲ့သည်။ ထိုပမာဏသည် အခြားတိုင်းရင်းသားများအားလုံး အဆိုတင်သွင်းမှုနှုန်း၏ ၁.၆ ဆဖြစ်သည်။ သို့သော် အမျိုးသားလွှတ်တော်တွင် ကိုယ်စားပြုမှုပမာဏ ၅ ရာခိုင်နှုန်းသာရှိသည့် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များမှာ အဆို ၂၂ ခု (၁၄.၈ ရာခိုင်နှုန်း) ကို တင်သွင်းနိုင်ခဲ့ကြောင်းတွေ့ရသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆိုတင်သွင်းဆွေးနွေးမှု**

လွှတ်တော်သုံးရပ်လုံးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းဆွေးနွေးမှုကို လေ့လာကြည့်ရာ တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ်များက ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုနှုန်းထက် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များက တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုနှုန်းထက် ပိုမိုမြင့်မားနေကြောင်း တွေ့ရသည်။

**အဆိုများ၏ ရည်ရွယ်ချက်**

အဆိုများကို အစိုးရအား စိစစ်ထိန်းကျောင်းတည့်မတ်ရေးအတွက် အသုံးပြုကြောင်း တွေ့ရပြီး ပြည်သူ့လွှတ်တော်တွင် အဆို ၁၁၁ ခု၊ အမျိုးသားလွှတ်တော်တွင် ၁၃၆ ခုနှင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသမျှအဆိုအားလုံးဖြစ်သည့် ၃၈ ခုတို့မှာ အစိုးရအား အပြန်အလှန်ထိန်းကျောင်းရေးအတွက် ရည်ရွယ်သည့် အဆိုများဖြစ်ကြောင်းတွေ့ရသည်။ ကိုယ်စားပြုရေး၊ ဥပဒေပြုရေးနှင့် ပတ်သက်သည့်အဆိုအရေအတွက်မှာ အနည်းငယ်သာ ရှိခဲ့သည်။

**ကော်မတီများ အဆိုတင်သွင်းမှု**

ပြည်သူ့လွှတ်တော်တွင် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီက အဆိုတစ်ရပ်တင်သွင်းခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် အမျိုးသားစီမံကိန်းရေးရာကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာကော်မတီနှင့် သတ္တုနှင့် သယံဇာတကော်မတီတို့က အဆိုလေးခု တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ၎င်းအဆိုများသည် အစီရင်ခံစာများ၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်းသော အဆိုများမဟုတ်ပဲ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အား တိုက်တွန်းသော အဆိုများဖြစ်ကြောင်းတွေ့ရသည်။

# မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက်

(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အဆိုများ လေ့လာချက်)

လွှတ်တော်ကိုယ်စားလှယ်များ စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

## အခန်း (၁)
## နိဒါန်း

မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်တွင် မှေးမှိန်တစ်ချီ ပျောက်ကွယ်တလှည့် ဖြစ်ခဲ့ရသော လွှတ်တော် သို့မဟုတ် ဥပဒေပြုရေးမဏ္ဍိုင်သည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံကာ ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲများမှတဆင့် မြန်မာ့နိုင်ငံရေးအခင်းအကျင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်မှာ ငြင်းဆိုဖွယ်မရှိသည့် အရှိတရားတစ်ခု ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံများတွင် ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲများဖြင့် မဲဆန္ဒပေးရွေးကောက်တင်မြှောက်ကြပြီး နိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် သက်ဆိုင်ရာ ပြည်သူများကို ကိုယ်စားပြုရန်၊ တရားဥပဒေပြုရန်၊ အစိုးရကို စိစစ်ထိန်းကျောင်းရန်၊ အစိုးရ၏ တရားဝင်မှုကို ဖော် ဆောင်ရန်နှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုပေးရန် ဟူသည့် လုပ်ငန်းဆောင်တာများကို ထမ်းဆောင်ရမည့် မြန်မာ့လွှတ်တော်များသည် သက်တမ်းနုသည်နှင့်အမျှ စိန်ခေါ်မှုများ၊ အားနည်းချက်များကို ရင်ဆိုင်နေရဆဲ ဖြစ်သည်။

ယနေ့ခေတ် မြန်မာ့လွှတ်တော်များကို ချဉ်းကပ်လေ့လာကြရာတွင် အခြေအနေတစ်ရပ်ချင်းစီအတွက် ပညာရှင်များ၊ လေ့လာသူများ၏ သုံးသပ်ချက်များကို တွေ့ရနိုင်သော်လည်း လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှု ခက်ခဲခြင်း၊ နှောင့်နှေးခြင်း၊ မပြည့်စုံခြင်း စသည်တို့ကြောင့် လွှတ်တော်အင်စတီကျူးရှင်း တစ်ခုလုံးကို ခြုံငုံလေ့လာနိုင်မှုမှာ အားနည်းနေသေးသည်ဟု ဆိုနိုင်ပါသည်။ ထို့အတွက် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ၊ အားထုတ်ကြိုးပမ်းမှုများနှင့် ရလဒ်၊ သက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ လေ့လာနိုင်ရန်အတွက် လွှတ်တော်စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များ လိုအပ်လာပါသည်။

လွှတ်တော်စောင့်ကြည့်လေ့လာရေးသည် အားကောင်းသော၊ ပွင့်လင်းမြင်သာရှိသော၊ တာဝန်ယူမှုရှိသော လွှတ်တော်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး၊ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေး မဏ္ဍိုင်၌ နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန်လည်း ဖြစ်ပါသည်။

## ၁.၁.၀ ။ သုတေသနရည်ရွယ်ချက်

ယခုလေ့လာချက်အတွက် ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ သုတေသနအဖွဲ့သည် မြန်မာနိုင်ငံ၏ ရာစုနှစ် ထက်ဂက်ခန့် အတွင်း နိုင်ငံရေး ဇာတ်ခုံပေါ် ပထမဆုံး ပြန်လည်ထွက်ပေါ်လာခဲ့ သော ဥပဒေပြုလွှတ်တော်၏ အစည်းအဝေးတစ်ခုချင်းစီ၏ အစည်းအဝေးမှတ်တမ်းများအရ သိရှိရသော လွှတ်တော်၏ လုပ်ငန်းဆောင်တာများနှင့် ယင်းတို့မှ ထုတ်ယူထားသည့် အချက်အလက်များကို စုဆောင်း၍ လွှတ်တော်တစ်ရပ်၏ အခန်းကဏ္ဍနှင့် ယင်း၏ အားကောင်းမှုများ၊ အားနည်းချက်များ၊ အကျိုးသက်ရောက်မှုများ စသည်တို့ကို သိရှိရန် ရည်ရွယ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များကို စောင့်ကြည့်လေ့လာခြင်းအားဖြင့် လွှတ်တော်တစ်ရပ်၏ အင်္ဂါရပ်များဖြစ်သည့် ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းကျောင်းစိစစ်ခြင်း၊ အစိုးရအား တရားဝင်ဖြစ်စေခြင်းနှင့် နိုင်ငံရေးအရ လေ့ကျင့်ပျိုးထောင်မှုပေးခြင်းတို့တွင် ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ ထည့်ဝင်နိုင်မှုကို လေ့လာနိုင်မည်ဖြစ်ပြီး ထိုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်မှု၊ လုပ်ငန်းဆောင်တာများကို စုပေါင်းလိုက်သည့်အခါ ယနေ့ခေတ် မြန်မာ့လွှတ်တော်၏ သဘောသဘာဂများကို မျှတစွာ သုံးသပ်လေ့လာနိုင်စေမည် ဖြစ်သည်။ ရရှိနိုင်သော အချက်အလက်များကောက်ယူရာမှ လွှတ်တော်၏ လုပ်ငန်းဆောင်တာ များဖြစ်သော ဥပဒေပြုမှု၊ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှုတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း ရှိမရှိ တိုင်းတာနိုင်မည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည် ဖြစ်သည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်အနေဖြင့် သုတေသနပြုလုပ်ရာမှ လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာများ၊ သုတေသနစာတမ်းများ ပုံနှိပ်ထုတ်ပြန်ပြီး၊ အင်တာနက်တွင်လည်း omimyanmar.org စာမျက်နှာ၌ မဲဆန္ဒရှင်များ၊ ပညာရှင်များ၊ လေ့လာသူများ၊ လွှတ်တော် ကိုယ် စားလှယ်များ သိရှိနိုင်ရန် အချက်အလက်ဘဏ်တစ်ခုအဖြစ် စုစည်းတင်ပြကာ ယေဘုယျ ရှာဖွေမှုနှင့် အသေးစိတ်ရှာဖွေမှုများအထိ ပြု လုပ်နိုင်ရန်ပါ ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။ လွှတ်တော်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၏ ပမာဏ ကြီးမားလာသည်နှင့်အမျှ လွယ်ကူစွာ ရှာဖွေမှီးငြမ်း နိုင်ရန်အတွက် ကိန်းဂဏန်းများနှင့် ရည်ညွှန်းကိန်းများကို ထုတ်ပြန်နိုင်ရန် လိုအပ်လာပါသည်။

## ၁.၂.၀ ။ နည်းနာဗေဒ

ယခုမှတ်တမ်းတွင် အသုံးပြုထားသော အချက်အလက် အများစုမှာ လွှတ်တော် အစည်းအဝေးမှတ်တမ်းများနှင့် အစိုးရပိုင်သတင်းစာများမှ ကောက်ယူထားခြင်းဖြစ်ပြီး၊ တရားဝင်ထုတ်ပြန်ထားသော အချက်အလက်များပေါ်တွင် အခြေခံထားပါသည်။ လွှတ်တော်များနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်တို့ကို အကဲဖြတ်ရာတွင် လွှတ်တော်အစည်းအဝေးများအတွင်း မေးမြန်းသည့် မေးခွန်း အရေအတွက်၊ အဆိုတင်သွင်းသည့် အကြိမ်ရေနှင့် ဥပဒေကြမ်းများတွင် ဝင်ရောက်ဆွေးနွေးမှုအကြိမ် အရေအတွက် စသည်တို့ သက်သက်ချည်းဖြင့်သာ မဆုံးဖြတ်နိုင်သော်လည်း၊ ယခုလေ့လာချက်မှ ထွက်ရှိလာသော အခြေခံ ကိန်းဂဏန်း အချက်အလက်များသည် လွှတ်တော် ကိုယ်စားလှယ်များ၊ နီးနွယ်ပတ်သက်သူများ၊ စာနယ်ဇင်းသမားများ၊ သုတေသနပြုလုပ်သူများနှင့် မဲဆန္ဒရှင် ပြည်သူများအတွက် အသုံးဝင်မည်ဟု ယုံကြည်ပါသည်။ ယင်းတို့အနေဖြင့်လည်း လွှတ်တော်၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေပုံကို ပိုမို ရှင်းလင်းလွယ်ကူစွာ နားလည်လာကြမည်ဖြစ်သည်။

လွှတ်တော်၏ လုပ်ငန်းများကို လေ့လာရာတွင် ဥပဒေပြု လွှတ်တော်များ၏ အဓိကလုပ်ငန်းများဖြစ်သော ဥပဒေပြုမှု၊ အစိုးရအား စောင့်ကြပ်ထိန်းကြောင်းမှုနှင့် မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြုနိုင်မှုတို့ကို အဓိကထား နှိုင်းယှဉ်လေ့လာ ထားပါသည်။


လွှတ်တော်တွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကြောင်းအရာ(ကဏ္ဍ) အလိုက် အမျိုးအစား ခွဲခြားရာတွင်လည်း လာရောက်၍ ဆွေးနွေးဖြေကြားရှင်းလင်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို အခြေခံပြီး အမျိုးအစားခွဲခြင်း မဟုတ်ဘဲ သက်ဆိုင်သည့် ကဏ္ဍအလိုက်သာ ခွဲခြားထားသဖြင့် ကဏ္ဍအလိုက် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မြင်တွေ့ရမည် ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့ကို လေ့လာရာတွင်လည်း အချက်အလက်များ၏ ခိုင်မာအားကောင်းမှုအတွက် လွှတ်တော်


များ၏ ပုံမှန်အစည်းအဝေးမှတ်တမ်းများကို ပင်မရင်းမြစ်အဖြစ် ရွေးချယ်အသုံးပြု၍ အချက်အလက် ကောက်ယူမှုများ ပြုလုပ်ပါသည်။

လွှတ်တော်တွင်း ဆောင်ရွက်သည့်လုပ်ငန်းများအနက် နိစ္စဓူဝ လုပ်ငန်းများမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေကြမ်းရေးဆွဲတင်သွင်း၊ ပြင်ဆင် ဖျက်သိမ်းခြင်းတို့ဖြစ်သည်။ ယခု အစီရင်ခံစာတွင်မူ ယင်းလွှတ်တော် လုပ်ငန်းဆောင်တာများမှ အဆိုတင်သွင်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုင်းခြားလေ့လာခြင်းဖြစ်သည်။ (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ လွှတ်တော်ပုံမှန် အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြမေးခွန်း တင်သွင်းမေးမြန်းခြင်းများအတွက် အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက်ကို အစီရင်ခံစာ အမှတ် ၁ အဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းက ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။)

လွှတ်တော်များသည် အုပ်ချုပ်ရေးကဏ္ဍ၏ လုပ်ငန်းများ ပွင့်လင်းမြင်သာမှုနှင့် ထင်သာမြင်သာရှိစေရန်၊ အုပ်ချုပ်ရေးကဏ္ဍ၏ တာဝန်ခံမှုကို မြှင့်တင်နိုင်ရန်၊ အစိုးရ၏ ဘဏ္ဍာရေးအရ တာဝန်ခံမှု မြင့်မားလာစေရန်၊ တရားဥပဒေစိုးမိုးစေရန်၊ စသည့် ရည်ရွယ်ချက်များဖြင့် အစိုးရကို စိစစ်ထိန်းကျောင်းသည့် လုပ်ငန်းဆောင်တာများကို မေးခွန်းမေးမြန်းခြင်းအားဖြင့် အဓိက ဆောင်ရွက်ရသည်။ အဆိုများအားဖြင့်မူ ထိုသို့ အစိုးရကို ထိန်းကျောင်းစိစစ်မှု ပြုလုပ်နိုင်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ



မဲဆန္ဒရှင် ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ကိုယ်စားပြုတောင်းဆိုမှုများ ပြုလုပ်နိုင်သည်။ သို့တိုင် အဆိုများ၏ ဦးတည်ရည်ရွယ်ချက်သည် ပြောင်းလဲနိုင်မှုရှိနိုင်သည်နှင့် အမှု မြန်မာ့လွှတ်တော်များအတွင်းတွင် ပြီးခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများကို လေ့လာဆန်းစစ်စဉ်က ကိုယ်စားပြုမှု ရည်ရွယ်ချက်ဖြင့် မေးခွန်းများ တင်သွင်းလေ့ရှိကာ ယခုအဆိုများကို လေ့လာရာတွင်မူ အစိုးရကို စိစစ်ထိန်းကျောင်းရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ ရည်ရွယ်ချက်သဘောကို ဆောင်




လွှတ်တော်တွင် အဆိုတင်သွင်းပုံအဆင့်ဆင့်

သည် ဖြစ်စေ အဆိုများကို တင်သွင်းရာတွင် ပုံတွင်ဖော်ပြထားသကဲ့သို့ အဆင့်ဆင့်ဆောင်ရွက်ကြရသည်။

အဆိုများနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူရာတွင် ဂမ်းသာကြောင်း၊ ဂမ်းနည်းကြောင်းအဆိုများနှင့် ဥပဒေကြမ်းတင်သွင်းရာတွင် ဖြတ်သန်းရသည့် အဆိုများမှအပ ကျန်အဆိုများကို ထည့်သွင်းကောက်ယူထားခဲ့ပါသည်။ အဆိုဆွေးနွေးချက်များကို ကောက်ယူရာတွင်လည်း အဆိုတစ်ခုတင်သွင်းသင့်ကြောင်း ထောက်ခံဆွေးနွေးချက်များကို ထည့်သွင်းရေတွက်ခြင်း မပြုပါ။ အဆိုကို ဆွေးနွေးရန် လွှတ်တော်ကသဘောတူပြီးနောက်ပိုင်း ထောက်ခံခြင်း ကန့်ကွက်ခြင်း စသည့်ဆွေးနွေးမှုများကိုသာ ကောက်ယူပါသည်။

ထိုသို့ အဆိုများကို ကောက်ယူရာတွင် အဆိုတင်သွင်းသူနှင့် ဆွေးနွေးသူ လွှတ်တော်ကိုယ်စားလှယ်၏ ကျား/မ ဖြစ်မှု၊ နောက်ခံ နိုင်ငံရေးပါတီ၊ တိုင်းရင်းသားဖြစ်မှု၊ ကိုယ်စားပြုရာ တိုင်းဒေသကြီး/ ပြည်နယ်စသည်တို့ကို ကောက်ယူသကဲ့သို့ အဆိုများနှင့် ပတ်သက်လျှင်လည်း အဆိုတစ်ခုချင်းစီ၏ ရည်ရွယ်ချက်၊ ဆက်စပ်အကြောင်းအရာ/ကဏ္ဍ၊ နောက်ဆုံး တွေ့ရှိရသည့် အဆို၏ အခြေအနေ စသည်တို့ကို ထည့်သွင်း ကောက်ယူပါသည်။ ထိုသို့ ကောက်ယူရာတွင် ရွေးချယ်အသုံးပြုသည့် ဝေါဟာရများနှင့် ရည်ညွှန်းအဓိပ္ပါယ်များနှင့် စပ်လျဉ်း၍ အခန်းခွဲ (၁.၂) တွင် အသေးစိတ် ဖတ်ရှုနိုင်မည် ဖြစ်သည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်/အမျိုးသားလွှတ်တော်/ပြည်သူ့လွှတ်တော်တို့၏ ပထမပုံမှန် အစည်းအဝေးများမှစ၍ ဆဋ္ဌမပုံမှန် အစည်းအဝေးများအထိ ပြုလုပ်ခဲ့သော ဥပဒေကြမ်းများ၊ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှု များနှင့် အဆိုတင်သွင်းမှုများကို အချက်အလက်ကောက်ယူ၍ SPSS (Statical Package for Social Science) ဆော့ဖ်ဝဲ ဖြင့် အချက်အလက်သွင်းခဲ့ပြီး ဖြစ်ပါသည်။ သတ္တမအကြိမ်မှ နဝမအကြိမ်ထိ လွှတ်တော်ပုံမှန်အစည်းအဝေးများဆိုင်ရာ အချက်အလက်များကို ဆက်လက်ကောက်ယူနိုင်ရန် အစည်းအဝေး မှတ်တမ်းများကို စုဆောင်းလျက်ရှိပြီး၊ လက်ရှိ ကျင်းပလျက်ရှိသော ဒသမအကြိမ် ပုံမှန်အစည်းအဝေးများမှ အချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းကောက်ယူလျက် ရှိပါသည်။

## ၁.၂.၁ ။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံကို သိရှိနိုင်ရန် အတွက် ယခင်အလုပ်အကိုင်များကို ကောက်ယူရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အလုပ်အကိုင် သမိုင်းကြောင်း တစ်လျှောက် လွှမ်းမိုးမှုအရှိဆုံး အလုပ်အကိုင်ကိုသာ ထည့်သွင်း ရယူခဲ့ပါသည်။

### (၁) လွှတ်တော်၏ အဆုံးအဖြတ်များကို အမျိုးအစားခွဲခြားခြင်း

လွှတ်တော်ကိုယ်စားလှယ်များက အဆိုများ တင်သွင်းလာသည့်အခါ အောက်ဖော်ပြပါ အခြေအနေ ငါးမျိုးထဲမှ တစ်မျိုးမျိုးကို ကြုံတွေ့ရတတ်သည်။ ထိုသို့ ကြုံတွေ့ရနိုင်သည့် အခြေအနေများကို လွှတ်တော်၏ အဆုံးအဖြတ်အဖြစ် ခွဲခြားသတ်မှတ် ဖော်ပြခြင်း ဖြစ်ပါသည်။

အဆိုများကို ဖတ်ကြားတင်သွင်းရာတွင် တင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်က မိမိအလိုဆန္ဒအရ ပြန်လည် ရုတ်သိမ်းသည့် အဆို၊ အဆိုအား လွှတ်တော်တွင် ဆွေးနွေးရန် ဖတ်ကြားတင်သွင်းသော်လည်း တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံနှင့် အထက်၏ သဘောတူညီမှု မရရှိသဖြင့် ပယ်ချခံရသည့် အဆို၊ လွှတ်တော်၏ သဘောတူညီချက်ဖြင့် အတည်ပြုခြင်းခံရသည့် အဆို၊ လွှတ်တော်က အတည်ပြုရန် သဘောမတူသည့် အဆို၊ လွှတ်တော်က အတည်မပြုသော်လည်း အဆိုတင်သွင်းသူ၏ သဘောထားဆန္ဒအရ မှတ်တမ်းတင်ခြင်းခံရသည့်အဆိုနှင့် လွှတ်တော်တွင် ဆွေးနွေးရန် သဘောတူထားခဲ့သော်လည်း ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့် အဆိုဟူ၍ အခြေအနေ (၆) ရပ် ခွဲခြားဖော်ပြထားပါသည်။

### (၂) အကြောင်းအရာ/ကဏ္ဍများကို အမျိုးအစားခွဲခြားခြင်း

အဆိုများအပေါ် အဆုံးအဖြတ်များအလိုက် အမျိုးအစားခွဲခြားကောက်ယူသည့်အပြင် အဆိုများ၏ သက်ဆိုင်ရာ အကြောင်းအရာ/ကဏ္ဍများကိုလည်း ခွဲခြားကောက်ယူထားပါသည်။ ထိုသို့ ကောက်ယူရာတွင် လွှတ်တော်အတွင်း အဆို တင်သွင်းရာ၌ လာရောက်ဆွေးနွေးသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်သည့် ဝန်ကြီးဌာနများ၊ အစိုးရ အဖွဲ့အစည်းများအပေါ် တိုက်ရိုက်အခြေမခံဘဲ အဆို၏ အကြောင်းအရာ ကဏ္ဍအလိုက် အခြေခံပြီး အမျိုးအစားခွဲခြားခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဆေးပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရေး အဆိုနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ လာရောက် ဆွေးနွေးသော်လည်း ပညာရေးဟုသာ သတ်မှတ်ပါသည်။ ယေဘုယျ အမျိုးအစားခွဲခြားပုံကို အောက်ပါအတိုင်း ပြုလုပ်ပါသည်။

#### (က) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

လမ်း၊ တံတား၊ ဆည်မြောင်း အပါအဝင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း ပြုပြင်ခြင်းတို့ ဖြစ်သည်။ သို့သော် ဆေးရုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းကို ကျန်းမာရေးဟု သတ်မှတ်ပြီး၊ စာသင်ကျောင်းများ ဆောက်လုပ်၊ တိုးချဲ့ခြင်းတို့ကိုမူ ပညာရေးဟု သတ်မှတ်ပါသည်။

#### (ခ) စိုက်ပျိုးရေး

စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းမှသည် သီးနှံများ ဈေးကောင်းရရေး၊ လယ်သမားများ၏ အခွင့်အရေးစသည်တို့ကို စိုက်ပျိုးရေး ဟူသော ခေါင်းစဉ်အောက်တွင် ထည့်သွင်းသတ်မှတ်ထားပါသည်။

#### (ဂ) ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ ခန့်ထားရေးနှင့် ပတ်သက်သည့် ကိစ္စများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံနှင့် စပ်လျဉ်းသည်တို့ကို ကျန်းမာရေးဟု ထည့်သွင်းသတ်မှတ်ပါသည်။

#### (ဃ) ပညာရေး

ပညာရေးနှင့် ပတ်သက်သည့် အဆောက်အအုံများ တိုးချဲ့ တည်ဆောက်မှု၊ ပညာရေးစနစ်အား ပြုပြင်ပြောင်းလဲမှု၊ ပညာရေး ဝန်ထမ်းများခန့်ထားမှုတို့ကို ပညာရေးဟု သတ်မှတ်ပါသည်။

#### (င) ယဉ်ကျေးမှုနှင့် အနုပညာ

ယဉ်ကျေးမှုအမွေအနှစ်များ၊ စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်စသည့် ကိစ္စရပ်များကို ယဉ်ကျေးမှုနှင့် အနုပညာဟု သတ်မှတ်ပါသည်။

**(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မြစ်ချောင်းအင်းအိုင်၊ သစ်တော၊ ဇီဝမျိုးကွဲများနှင့် အခြား သော သဘာဝသယံဇာတများအား ထိန်းသိမ်းခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟု သတ်မှတ်ပါသည်။

**(ဆ) နိုင်ငံရေး**

အုပ်ချုပ်ရေး စနစ်သစ်၊ စနစ်ဟောင်းတို့ကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များ၊ ပါတီများ၊ ရွေးကောက်ပွဲများနှင့် နီးနွယ်နေသည့် ကိစ္စရပ်များကို နိုင်ငံရေးဟုသတ်မှတ်ပါသည်။

**(ဇ) မြေယာနှင့် အိုးအိမ်**

အိုးအိမ်မြေတွင် ရင်းနီးမြှုပ်နှံမှု၊ ရောင်းချပေါင်နှံမှု၊ ငှားရမ်းမှုအပါအဝင် မြေယာနှင့် အိုးအိမ်များကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကိုင်တွယ်သုံးစွဲမှုတို့ကို မြေယာနှင့် အိုးအိမ်ဟု သတ်မှတ်ပါသည်။

**(ဈ) အလုပ်သမားအရေး**

အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ အလုပ်ရှင် အလုပ်သမားအကြား ပဋိပက္ခများ စသည်တို့ကို အလုပ်သမား အရေးအဖြစ် သတ်မှတ်ပါသည်။

**(ည) စွမ်းအင်**

စွမ်းအင်ပုံစံတစ်မျိုးမျိုးအား ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဖြန့်ဝေမှုတို့ကို စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

**(ဋ) အုပ်ချုပ်ရေး**

အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားနှင့် တိုက်ရိုက်ပတ်သက်နေ သည့် ကိစ္စရပ်များ၊ အုပ်ချုပ်ရေးယန္တရား၏ တိုက်ရိုက် စီမံခန့်ခွဲမှု အောက်တွင်ရှိသော ကိစ္စရပ်များကို အုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

**(ဌ) သယ်ယူပို့ဆောင်ရေး**

ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများကို သယ်ယူပို့ဆောင်ရေးဟု သတ်မှတ်ပါသည်။

**(ဍ) စက်မှုလုပ်ငန်း**

ကုန်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ စီမံခြင်း၊ ပြုပြင်ပြောင်းလဲခြင်း စသည်တို့ကို စက်မှုလုပ်ငန်းဟု သတ်မှတ်ပါသည်။

**(ဎ) ဝန်ဆောင်မှုလုပ်ငန်း**

သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းတို့မှအပ (ယင်းတို့ သည်လည်း ဂန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော်လည်း ပိုမိုအသေးစိတ် သုံးသပ်နိုင်စေရန် ခွဲခြမ်းခဲ့ခြင်း ဖြစ်သည်) အခြား သော အစိုးရနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှု လုပ်ငန်းခေါင်းစဉ်အောက်တွင် ထည့်သွင်းထားသည်။

**(ဏ) ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှုများ၊ မူဝါဒများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအဖြစ် ခွဲခြမ်းသတ်မှတ်ပါသည်။

**(တ) ဖွံ့ဖြိုးတိုးတက်ရေး**

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီ၊ အထောက်အပံ့များ၊ ဒေသအလိုက်နှင့် နိုင်ငံအဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးဟု သတ်မှတ်ပါသည်။

**(ထ) တိုင်းရင်းသားအရေး**

ဗမာတိုင်းရင်းသားအပါအဝင် တစ်စု သို့မဟုတ် တစ်စုထက်ပိုသော တိုင်းရင်းသားများ၏ အရေးကိစ္စများကို တိုင်းရင်းသားအရေးဟု သတ်မှတ်ပါသည်။

**(ဒ) တရားစီရင်ရေး**

တရားရုံးများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ မှသည် တရားစီရင်ရေးစနစ်တစ်ခုလုံးနှင့် ပတ်သက်သည့် ကိစ္စများကို တရားစီရင်ရေးဟု သတ်မှတ်ပါသည်။

**(ဓ) ဘာသာရေး**

နိုင်ငံသားတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံးကို ဘာသာရေးဟု သတ်မှတ်ပါသည်။

**(န) အားကစား**

အားကစားနည်းများအား လူထုအကြားပျံ့နှံ့စေရေး၊ အားကစားကွင်းများအား စီမံခန့်ခွဲရေးတို့ကို အားကစားဟု ဖော်ပြပါသည်။

### (ပ) စီးပွားရေး

ကူးသန်းရောင်းဝယ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အကျိုးအမြတ်အလို့ငှာ ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စများကို စီးပွားရေးဟု သတ်မှတ်ပါသည်။

### (ဖ) လူမှုရေး အထောက်အပံ့

နိုင်ငံသားတိုင်း ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရန် လူမှုဘဝ တိုးတက်မြင့်မားစေရေး၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်နိုင်ရေး စသည်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အထောက်အပံ့များကို လူမှုရေးအထောက်အပံ့ဟု သတ်မှတ်ပါသည်။

### (ဗ) အခွန်ကောက်ခံရေး

အခွန်ကောက်ခံရေး၊ လျှော့ပေါ့ပေးရေးအပါအဝင် အခြား အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးကို အခွန်ကောက်ခံရေးအဖြစ် သတ်မှတ်ပါသည်။

### (ဘ) ငြိမ်းချမ်းရေး

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များကို ငြိမ်းချမ်းရေးဟု သတ်မှတ်ပါသည်။

### (မ) နိုင်ငံသားများ၏ အခွင့်အရေး

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် စသည့် နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးများနှင့် သက်ဆိုင်သည့် ကိစ္စများကို နိုင်ငံသားများ၏ အခွင့်အရေးဟု သတ်မှတ်ပါသည်။

### (ယ) ဥပဒေပြုရေး

ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် ဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဥပဒေပြုရေးဟု သတ်မှတ်ပါသည်။

## (၃) ရည်ရွယ်ချက်များကို အမျိုးအစားခွဲခြားခြင်း

လွှတ်တော်၏ လုပ်ငန်းဆောင်တာများဖြစ်သည့် ကိုယ်စားပြု မှု၊ အစိုးရအား ထိန်းကျောင်းစိစစ်မှုနှင့် ဥပဒေပြုမှုတို့ကို အဆိုများတွင် ထင်ဟပ်နေခြင်းအား ခွဲခြားသိမြင်နိုင်ရန် အတွက် အဆိုများ၏ ရည်ရွယ်ချက်များကို အောက်ပါ အတိုင်း အမျိုးအစား ခွဲခြားကောက်ယူခဲ့ပါသည်။

### (က) ကိုယ်စားပြုမှု

လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော အဆိုများအနက် တင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်က သူ၏ မဲဆန္ဒနယ်မှ ပြည်သူတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ကိုယ်စားပြု၍ အဆိုပြုခြင်းကို ကိုယ်စားပြုအဆို တင်သွင်းခြင်းဟု သတ်မှတ်ပါသည်။ ဥပမာအားဖြင့် ပူတာအိုခရိုင်စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဦးဆောင်စီမံဆောင်ရွက်ပေးရန် ယင်းဒေသရှိ မဲဆန္ဒနယ်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပါက ကိုယ်စားပြုခြင်းအဖြစ် သတ်မှတ်ပါသည်။ ထိုသို့မဟုတ်ပဲ အခြားပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုခုမှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ယင်းအဆိုကို တင်သွင်းလာပါက ကိုယ်စားပြုရန် ရည်ရွယ်ချက်အဖြစ် မယူဆပဲ၊ အစိုးရအား ထိန်းကျောင်း စိစစ်မှုအဖြစ် ကောက်ယူပါသည်။

### (ခ) အစိုးရအား ထိန်းကျောင်းစိစစ်မှု

အစိုးရ၏ ရပ်တည်ချက်၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် အုပ်ချုပ်ရေး ယန္တရားနှင့် တိုက်ရိုက်သက်ဆိုင်နေသော အကြောင်းအရာများနှင့် ပတ်သက်၍ အဆိုတင်သွင်းမှုအား အစိုးရအား ထိန်းကျောင်းစိစစ်မှုအဖြစ် သတ်မှတ်ပါသည်။

### (ဂ) ဥပဒေပြုမှု

လွှတ်တော်သည် အဓိကဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်သည် ဥပဒေကြမ်းအများစုကို ရေးဆွဲနိုင်သည့် အနေအထားတွင် ရှိနေခြင်း၊ တည်ဆဲဥပဒေများကို လက်တွေ့ကိုင်တွယ် ဖော်ဆောင်နေရခြင်း တို့ကြောင့် ဥပဒေပြုရေးနှင့် စပ်လျဉ်းသည့် အဆိုများ တင်သွင်းဆွေးနွေးခြင်းများကိုလည်း တွေ့ရမည်ဖြစ်သည်။ ဥပဒေကြမ်း တင်သွင်းခြင်းတွင် အဆိုများတင်သွင်းခြင်းနည်းဖြင့် အစပြုပါဝင်သော်လည်းထိုသို့သောအဆိုများကို၎င်းလေ့လာချက်အတွင်း ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

## ၁.၃.၁။ လေ့လာမှု အတိုင်းအတာ

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် မြန်မာနိုင်ငံရှိ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့ကို ထည့်သွင်း လေ့လာရန် ရွေးချယ်ထားပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး များမှ လွှတ်တော်များကို စောင့်ကြည့်လေ့လာရန်အတွက်မူ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို လေ့လာစောင့်ကြည့်ရေးတွင် ပါဝင်သည့် အင်္ဂါရပ်များ ပြည့်စုံမှသာ စတင်နိုင်မည် ဖြစ်သည်။

ဥပဒေပြု လွှတ်တော်တစ်ရပ်၏ လုပ်ငန်းဆောင်တာများသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့်လည်း ဆက်နွယ်လျက်ရှိ သည်ဖြစ်ရာ အသေးစိတ်လေ့လာရန်အတွက် ကျယ်ဝန်းနက်ရှိုင်းသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စား လှယ်များ၏ လွှတ်တော်တွင်းဆောင်ရွက်ချက်များကိုသာ လေ့ လာခြင်းဖြင့် လုံလောက်မည်မဟုတ်ပါ။ လွှတ်တော်ပြင်ပ၌ မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်ဆံရေး၊ ပါတီအလိုက် ဆောင်ရွက်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ နိုင်ငံရေး တိမ်းညွှတ်မှုနှင့် လွှတ်တော်တစ်ရပ်လုံး၏ နိုင်ငံရေး ပျိုးထောင်နိုင်မှုစသည်တို့ကို သုတေသနပြုနိုင်လျှင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်ဖွယ် ရှိပါသည်။

ယခု အစီရင်ခံစာအတွက် အချက်အလက် ကောက်ယူရာတွင် လွှတ်တော် ကိုယ်စားလှယ်များသည် "လွှတ်တော်ရှိ အဆိုတင်သွင်းဆွေးနွေးမှု ဆောင်ရွက်ပုံ အဆင့်ဆင့်" ကို စာမျက်နှာ (၁၂) တွင် ဖော်ပြထားသည့် အစီအစဉ်များ အတိုင်း ဆောင်ရွက်ရသည်ဖြစ်ရာ ယခု ထည့်သွင်းတွက်ချက်ထားသမျှ အဆိုများသည် လွှတ်တော်ကိုယ်စားလှယ်များ အမှန်တကယ်မေးမြန်းရန် ကြိုးစားအားထုတ်ခဲ့သည့် အဆိုအရေအတွက်အတိုင်း အတိအကျ ဖြစ်မည်မဟုတ်ဘဲ အစည်းအဝေးမှတ်တမ်းများပါ အဆိုများကိုသာ ရေတွက်နိုင်ခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရရှိနိုင်သည့် အချက်အလက် အထောက်အထားများကို အခြေခံ၍ ဒုတိယ ခြေလှမ်းတစ်ခုဖြစ်သော ယခု "အစီရင်ခံစာ အမှတ် (၂) မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အဆိုများ လေ့လာချက်)"ကို ကိန်းဂဏန်း စာရင်းဇယားများနှင့် ဂရပ်ပုံများအဖြစ် ပြောင်းလဲလျက် လွယ်ကူရှင်းလင်းစွာ ဖတ်ရှု့လေ့လာနိုင်ရန် ပြုစုထုတ်ဝေရခြင်း ဖြစ်ပါသည်။

**အဆိုအဆုံးအဖြတ်ပေးခြင်းနည်းလမ်းအပေါ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အကြံပြု ဆွေးနွေးမှု**

အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကို စွပ်စွဲပြစ်တင်ခြင်းအဆိုအား မဲခွဲဆုံးဖြတ်၍ အတည်ပြုရာတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက မတ်တပ်ရပ်မဲခွဲဆုံးဖြတ်ခြင်းကို ဝင်ရောက်ကန့်ကွက်ခဲ့ဖူးကြောင်း တွေ့ရသည်။ "မတ်တတ်ရပ်မယ်၊ ထိုင်မယ်ဆိုတဲ့ စနစ်မှာ ကြားနေအတွက်လည်း အခွင့်အရေးမရှိပါဘူး။ အပြန်အလှန်မြင်သာတဲ့ နည်းတွေကို သုံးစေလိုပါတယ်" ဟု ဆိုကာ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်းကန့်ကွက်မှုကို လွှတ်တော်ဥက္ကဋ္ဌက ပယ်ချခဲ့သဖြင့် အဆိုကို မတ်တပ်ရပ်မဲခွဲ အတည်ပြုခဲ့သည်။

လွှတ်တော် စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၁) ကို ပြုစုထုတ်ဝေခဲ့စဉ်က လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ ရရှိရန် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် အစီရင်ခံစာများကို လွှတ်တော်နာယက၊ ဥက္ကဋ္ဌများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ ဖတ်ရှုနိုင်ရန် လွှတ်တော်သို့ သွားရောက်ပို့ဆောင်စဉ်က သတင်းအချက်အလက်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများ နောက်ပိုင်းတွင် အမျိုးသားလွှတ်တော်မှ ပထမအကြိမ်မှ အဌမအကြိမ်ပုံမှန်အစည်း အဝေးများအထိ အစည်းအဝေးမှတ်တမ်းများကို soft copy ဖြင့် ထောက်ပံ့ကူညီခဲ့သဖြင့် ယခုအစီရင်ခံစာကို ပြုစုရာတွင် ပို၍ အဆင်ပြေချောမွေ့စေခဲ့ပါသည်။

ကြယ်ပွင့်ပြ မေးခွန်းများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ရန် လိုအပ်သည့်အချက်အလက်များကို ပိုမိုရရှိနိုင်ရန်နှင့် ထိရောက်သည့် မေးခွန်းမေးမြန်းမှုအခြေအနေများ ဖြစ်ပေါ်စေရန် လွှတ်တော်မှ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း သဘောတူခဲ့ပါသည်။ ယခုအစီရင်ခံစာတွင် အဆိုများကို လေ့လာချဉ်းကပ်ချက်ဖြစ်ရာ အဆိုများနှင့် ပတ်သက်သည့် လွှတ်တော် ဆိုင်ရာအချက်အလက်များကို ရရှိနိုင်သမျှ အတတ်နိုင်ဆုံး ကိုးကားအသုံးပြုထားပါသည်။ ထပ်မံ၍ လွှတ်တော်မှ သတင်းအချက်အလက်များ ရရှိနိုင်ပါက ပိုမိုပြည့်စုံ၍ လွှတ်တော်၏ ပုံရိပ်ကို ပိုမိုထင်ဟပ်နိုင်မည်ဟု ယူဆရပါသည်။

# အခန်း (၂)
# နောက်ခံအချက်အလက်များ

မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားပြီး၊ ထိုလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်တွင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြောင်း တွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်သည် မြို့နယ်တစ်ခုချင်းစီကို အခြေခံ၍ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး၊ အမျိုးသားလွှတ်တော်ကမူ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအတွက် ရွေးကောက်ခံ ကိုယ်စားလှယ် ၁၂ ဦးစီဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ထိုလွှတ်တော် နှစ်ရပ်လုံးတွင် ပါဝင်သည့် ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက် သုံးပုံတစ်ပုံစီကို တပ်မတော်သား ကိုယ်စားလှယ်များ ခန့်အပ်ထည့်သွင်းလိုက်ခြင်းအားဖြင့် ထိုလွှတ်တော်နှစ်ရပ်တွင် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ အရေအတွက်မှာ ၇၅ ရာခိုင်နှုန်းစီသာ ကျန်ရှိတော့သည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော် မှ ကိုယ်စားလှယ် ၄၄၀ ဦး၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် ၂၂၄ ဦး၊ စုစုပေါင်း ၆၆၄ ဦးဖြင့် ဖွဲ့စည်းထားသည်။ သို့သော် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့် နယ်မြေများအဖြစ် သတ်မှတ်ချန်လှပ်ခဲ့ခြင်းကြောင့် စတင်ဖွဲ့စည်းခဲ့သည့် လွှတ်တော်များတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စား

**ဇယား (၂.၁) ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အရေအတွက်ပြဇယား**

| တိုင်းဒေသကြီးများ | |
|---|---|
| စစ်ကိုင်း | ၃၇ |
| တနင်္သာရီ | ၂၀ |
| ပဲခူး | ၂၈ |
| မကွေး | ၂၅ |
| မန္တလေး | ၃၆ |
| ရန်ကုန် | ၄၅ |
| ဧရာဝတီ | ၂၆ |
| **ပြည်နယ်များ** | |
| ကချင် | ၁၈ |
| ကယား | ၇ |
| ကရင် | ၇ |
| ချင်း | ၉ |
| မွန် | ၁၀ |
| ရခိုင် | ၁၇ |
| ရှမ်း | ၅၅ |

လှယ် ၃၂၅ ဦးတို့သာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ခဲ့သည်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကိုမူ သတ်မှတ်အရေအတွက်အတိုင်း အပြည့်အဝ ခန့်အပ်ထားခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ထဲမှ ၄၆ ဦးသည် အစိုးရအဖွဲ့တွင်ပါဝင်ရန် ရွေးချယ်ခန့်အပ်ခြင်း ခံခဲ့ရသည့်အတွက် လွှတ်တော်များအတွင်း ရွေးကောက်ခံ ကိုယ်စားလှယ်ဦးရေသည် အမျိုးသားလွှတ်တော်တွင် ၁၆၂ ဦးနှင့် ပြည်သူ့လွှတ်တော်တွင် ၂၈၅ ဦးထိသို့ ထပ်မံလျော့ကျသွားခဲ့ရသည်။ ယင်းနောက် ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၄၃ ဦးသာ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်ဖြစ်ရာ လွှတ်တော်တွင်း ရွေးကောက်ခံကိုယ်စားလှယ်များ၏ အချိုးအစားမှာ မူလသတ်မှတ်ထားသည့် အရေအတွက်ကို ယခုတိုင် ပြည့်မီခဲ့ခြင်း မရှိခဲ့ပါ။ လွှတ်တော် စတင်ခေါ်ယူသည့် ၃၁ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ်မှစ၍ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးများ ပြီးစီးချိန် အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကွယ်လွန် အနိစ္စရောက်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆဋ္ဌမ ပုံမှန် လွှတ်တော် အစည်း အဝေးများတွင် တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၁၉ ဦး၊ ရွေးကောက်ခံ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ၁၆၆ ဦး၊ ထို့ကြောင့် ပြည် ထောင်စုလွှတ်တော်တွင် တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံကိုယ်စားလှယ်ပေါင်း ၄၈၅ ဦး ကျန်ရှိကြောင်း တွေ့ရပါသည်။

## ၂.၁.၀။ ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်သည် မြန်မာနိုင်ငံရှိ မြို့နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်တစ်ယောက်စီဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦးတို့ ပါဝင်ရမည်ဟု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သတ်မှတ်ထားသည်။ ၂၀၁၀ ပြည့်နှစ် ရွေး ကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၉၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၃၂၅ ဦး ရွေးကောက်ပွဲ အနိုင်ရခဲ့သည်။

၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပြည်သူ့လွှတ်တော်သို့ ကိုယ်စားလှယ် ၃၆၂ ဦး (၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ၃၂၅ ဦးနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် ၃၇ ဦး) ကို ပြည်သူများမှ တိုက်ရိုက် ရွေးကောက် တင်မြှောက်ခဲ့နိုင်ပြီ ဖြစ်သည်။ တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦးသည်လည်း ပြည်သူ့လွှတ်တော်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ခန့်အပ်မှုအရ လာရောက်တာဝန်ထမ်းဆောင်ခဲ့ဖူးပြီ ဖြစ်သည်။ (ဆဋ္ဌမ အကြိမ် ပုံမှန်အစည်းအဝေးအထိ) တပ်မတော်သား ကိုယ် စားလှယ် ၆၅ ဦးကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုမှုဖြင့် အစားထိုးခန့်အပ်ခဲ့ပြီး ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရန်အတွက် ကိုယ်စားလှယ် များ အား မြို့နယ်တစ်ခုလျှင် တစ်ဦးကျ ရွေးကောက်တင် မြှောက်ရခြင်းဖြစ်ရာ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ခုတို့၏ နယ်နိမိတ် အကျယ်အဝန်းနှင့် မြို့နယ်ဖွဲ့စည်းပါဝင်သည့် အရေအတွက် မတူညီမှုကြောင့် တိုင်းဒေသကြီး (သို့ မဟုတ်) ပြည်နယ်များအလိုက် ချဉ်းကပ်ကြည့်လျှင် မဲဆန္ဒ နယ် အရေအတွက် ကွာခြားပြီး ကိုယ်စားလှယ်ဦးရေလည်း မတူညီချေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဲ ဆန္ဒနယ်များပါဝင်မှုကို ဇယား (၂-၁) တွင် ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့စဉ်က ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်းမရှိသည့် ပြည်သူ့လွှတ်တော် မဲ ဆန္ဒနယ် ၅ ခုတွင် ရှမ်းပြည်နယ်၌ ပါဝင်သော ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်နှင့် မိုင်းလားမြို့နယ်တို့မှ ကိုယ်စားလှယ်နေရာများ လစ်လပ်ခဲ့သည့်ပြင် ထိုနေရာများကို ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေး ကောက်ပွဲတွင်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်း မရှိချေ။ ၂၀၁၂ ကြားဖြတ် ရွေးကောက် ပွဲတွင် ကချင်ပြည်နယ်မှ ဗန်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့တွင် လစ်လပ်ခဲ့သည့် ကိုယ်စားလှယ်နေရာများ အတွက် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်တွင် ရှမ်းပြည်နယ်မှ ကိုယ်စားလှယ် ၅၀ ဦးနှင့် ကချင်ပြည်နယ်မှ ၁၅ ဦး တို့သာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိကြသည်။

၂၀၁၁ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ် နေရာ အများဆုံး အနိုင်ရခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်

ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်တွင်းမှ ကိုယ်စားလှယ် ၄၀ ဦးကို ခေါ်ယူကာ အစိုးရဖွဲ့ခဲ့သည်။ သို့သော် တပ်မတော်သား ကိုယ်စားလှယ်များ ၏ အရေအတွက်မှာ ၁၁၀ ဦး ပုံမှန်ရှိနေသည့်အတွက် ၂၀၁၂ ဧပြီ ကြားဖြတ် ရွေးကောက်ပွဲ မတိုင်မီကာလအထိ ပြည်သူ့လွှတ်တော်တွင်းမှ တပ်မတော်သားကိုယ်စားလှယ်များ၏ အချိုးမှာ ၂၇.၈ ရာခိုင်နှုန်းအထိ ရှိနေခဲ့သည်။ ၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ် ငါးခုရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးကို အစိုးရဖွဲ့ရာတွင် ခေါ်ယူခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလတွင် လစ်လပ်နေရာ ၄၅ နေရာရှိပြီး၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၃၇ နေရာ ဖြည့်တင်းခဲ့သဖြင့် လစ်လပ်နေရာ ၈ နေရာကျန်ရှိနေသေးသည်။

## ၂.၁.၁။ ပြည်သူ့လွှတ်တော်၌ ပါတီများ ပါဝင်မှု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၁ ခုနှစ် ပြည်သူ့လွှတ်တော်ကို စတင်ဖွဲ့စည်းစဉ်တည်းကပင် လွှတ်တော်ကိုယ်စားလှယ်အများစုပါဝင်သည့် နိုင်ငံရေးပါတီအဖြစ် ရှိနေသည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ် ၂၁၇ ဦး လွှတ်တော်ထဲသို့ ရွေးကောက်ခံခဲ့ရပြီး ထိုပါတီမှ ကိုယ်စားလှယ် ၄၀ ဦး အစိုးရ တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားချိန်အထိ ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာ ၄၄.၈ ရာခိုင်နှုန်းကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ ဖြစ်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင်အထိ ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ဒုတိယအများဆုံးရခဲ့သည့် ပါတီကြီးနှစ်ခုမှာ ကိုယ်စားလှယ် ၁၈ နေရာရရှိသည့် ရှမ်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ကိုယ်စားလှယ် ၁၂ နေရာ ရရှိသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ ဖြစ်သည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ကိုယ်စားလှယ် ၃၇ နေရာ အနိုင်ရရှိခဲ့ပြီးနောက်၊ ကိုယ်စားလှယ် အရေအတွက် ၈.၅ ရာခိုင်နှုန်းဖြင့် ဒုတိယမြောက် လွှတ်တော်ကိုယ်စားလှယ် အများဆုံး ပါဝင်သည့် ပါတီဖြစ်လာသည်။

## ၂.၁.၂။ ပြည်သူ့လွှတ်တော်၌ ကျား-မ ပါဝင်မှု

ပြည်သူ့လွှတ်တော်တွင်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးသာရှိနေသည်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး ရွေးကောက်ခံ အမျိုးသမီးကိုယ်စားလှယ်များ၏ ပါဝင်မှုမှာ ၃.၇ ရာခိုင်နှုန်း သာရှိသည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး လွှတ်တော်တွင်း ဝင်ရောက်လာသဖြင့် အရေအတွက်အားဖြင့် နှစ်ဆတိုးလာခဲ့ကာ၊ ပြည်သူ့လွှတ်တော်၏ ၅ ရာခိုင်နှုန်းကိုကိုယ်စားပြုနိုင်လာသည်။ သို့သော် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှာ အစိုးရတာဝန်ထမ်းဆောင်ရန် လွှတ်တော်မှ ထွက်ခွာသွားခဲ့သည်။

## ၂.၁.၃။ ပြည်သူ့လွှတ်တော်၌ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်မှု

ရွေးကောက်ခံကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်တစ်ခုလုံး၏ ၆၈.၅ ရာခိုင်နှုန်းသည် ဗမာတိုင်းရင်းသားများဖြစ်နေသည်ကို တွေ့ရ သည်။ ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များမှာ ၆.၃ ရာခိုင်နှုန်း ဖြင့် ဒုတိယနေရာမှ ရှိနေသည်။ ရခိုင်တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ် ၄.၇ ရာခိုင်နှုန်းရှိပြီး၊ ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၁.၈ ရာခိုင်နှုန်းရှိသည်။ မွန်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၁.၆ ရာခိုင်နှုန်းရှိကာ၊ ချင်းတိုင်းရင်းသား ကိုယ်စားလှယ် ၁.၄ ရာခိုင်နှုန်းရှိသည်။

ပြည်သူ့လွှတ်တော်တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသည့် တပ်မတော်သား ကိုယ်စားလှယ် ၁၇၅ ဦး ရှိရာတွင် တပ်မတော်သား ကိုယ်စားလှယ် ၆၅ ဦးသည် မည်သည့်တိုင်းရင်းသားဖြစ်ကြောင်း အချက်အလက် မရရှိခဲ့ပါ။ တိုင်းရင်းသားဖြစ်မှုနှင့် ပတ်သက်သည့် အချက်အလက်များရရှိခဲ့သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးတွင် ၁၅ ဦးသာ ဗမာမဟုတ်သည့် အခြားတိုင်းရင်းသားများ ဖြစ်သည်။ တပ်မတော်သားလည်းဖြစ် တိုင်းရင်းသားလည်းဖြစ်သည့် ကိုယ်စားလှယ်များ အနက် ၁၀ ဦးမှာ ရခိုင်တိုင်းရင်းသားများဖြစ်ပြီး ရှမ်းတိုင်း

ရင်းသားသုံးဦးနှင့် ကရင်တိုင်းရင်းသား တစ်ဦး၊ မွန်တိုင်းရင်းသား တစ်ဦးစီပါဝင်သည်။

လွှတ်တော်တွင်း အကြီးဆုံးပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဗမာမဟုတ်သည့် တိုင်းရင်းသားအရေအတွက် အများဆုံးရှိနေသည့် ပါတီဖြစ်နေပြီး ထို ပါတီကို ကိုယ်စားပြုနေသည့် ကိုယ်စားလှယ် ၅၅ ဦးမှာ ဗမာ မဟုတ်သည့် တိုင်းရင်းသားများဖြစ်သည်။

ရှမ်းအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည်လည်း တိုင်းရင်းသား ကိုယ်စားပြုမှု အများဆုံးရှိနေသည့် ပါတီများဖြစ်သည်။ ရှမ်းအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ၁၅ ဦး လွှတ်တော်တွင်း ရှိနေပြီး၊ ရခိုင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ရခိုင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ကိုးဦး လွှတ်တော်တွင်း ရှိနေသည်။ မွန်ဒေသလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် မွန်တိုင်းရင်းသားကိုယ်စားလှယ်သုံးဦး လွှတ်တော်တွင်း ရှိနေသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ဗမာမဟုတ်သည့် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၄ ဦးရှိသည်။

**ကော်မတီများမှ အဆိုများတင်သွင်း**

လွှတ်တော်ပုံမှန် အစည်းအဝေးများတွင် လွှတ်တော်ကော်မတီများကလည်း အဆိုများတင်သွင်းကြောင်း တွေ့ရပြီး ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ကော်မတီများမှ တင်သွင်းသည့် အဆိုစုစုပေါင်း ငါးခုရှိခဲ့သည်။ ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာကော်မတီက အဆိုတစ်ခု တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော် တိုင်ကြားစာနှင့် ပြည်သူတို့၏အသနားခံစာကော်မတီမှ အဆို ၂ ခု တင်သွင်းခဲ့ပြီး၊ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းရေးရာကော်မတီမှ အဆိုတစ်ခုနှင့် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီမှ အဆိုတစ်ခုတင်သွင်းခဲ့သည်ကိုတွေ့ရှိခဲ့ရသည်။

## ၂.၁.၄။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာဘာသာ

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး၏ ၈၈.၆ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ပြီး ၅.၅ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။ အစ္စလာမ်ဘာသာ ကိုးကွယ်သူ ၀.၄ ရာခိုင်နှုန်း ပါဝင်သည်။ လွှတ်တော် ကိုယ်စားလှယ် ၃၈ ဦး၏ ကိုးကွယ်ရာဘာသာကို မသိရှိပါ။

## ၂.၁.၅။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်

လွှတ်တော်ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်များကို ကောက်ယူရာတွင် အလုပ်များကို ယေဘုယျ အမျိုးအစားများခွဲခြားပြီး လေ့လာခဲ့ပါသည်။ ယခုကောက်ယူထားသော အလုပ်အကိုင်များမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ သမိုင်းကြောင်းတစ်လျှောက် လွှမ်းမိုးမှုအရှိဆုံး အလုပ်အကိုင်ကို ရယူပြီး စာရင်းကောက်ယူခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် အစိုးရဝန်ထမ်း (အစိုးရအရာရှိဟောင်းများအပါအဝင်) အဖြစ်မှ ရောက်ရှိလာသူ ကိုယ်စားလှယ် ၂၂.၂ ရာခိုင်နှုန်းရှိနေပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်အဖြစ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူ ၁၆.၁ ရာခိုင်နှုန်း ရှိနေသည်။ ရွေးကောက်ခံကိုယ်စားလှယ်များအတွင်း စစ်ဘက်နောက်ခံသက်သက်မှ ကိုယ်စားလှယ်ဖြစ်လာသူ ၅.၇ ရာခိုင်နှုန်း ရှိသည်။ အစိုးရဝန်ထမ်းဟောင်းအဖြစ် သတ်မှတ်ခံရသူများတွင် တစ်ချိန်က စစ်ဘက်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး နောက်အစိုးရဝန်ထမ်း အရာရှိတာဝန်သို့ ကူးပြောင်းထမ်းဆောင်ခဲ့သူများလည်း ပါဝင်သည်။ ပညာရေးနယ်ပယ်မှ လွှတ်တော်တွင်း ရောက်ရှိလာသူ ၈.၅ ရာခိုင်နှုန်းရှိပြီး၊ ဥပဒေသမား ၃ ရာခိုင်နှုန်း ပါဝင်သည်။

## ၂.၂.၁။ အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခု လျှင် ကိုယ်စားလှယ် ၁၂ ဦးစီနှုန်းဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိသည့်အတွက် တိုက်ရိုက်ရွေးကောက်ခံ ကိုယ်စားလှယ် ၁၆၈ ဦး ရှိနေသည်။ ပြည်သူ့လွှတ်တော်နှင့် အလားတူပင် အမျိုးသားလွှတ်တော်တွင်လည်း စစ်ဘက်မှ တိုက်ရိုက်ခန့်အပ်ခံရ

သည့် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေသောကြောင့် ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦး၊ စုစုပေါင်း ၂၂၄ ဦး ပါဝင်ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလကပင် ရွေးကောက်ခံကိုယ်စားလှယ် အပြည့်အဝ ဖြည့်ဆည်းနိုင်ခဲ့သည့် အမျိုးသားလွှတ်တော်အတွင်းမှ အစိုးရအဖွဲ့သို့ ကိုယ်စားလှယ် ၆ ဦးတာဝန်ထမ်းဆောင်ရန် ထွက်ခွာသောကြောင့် လစ်လပ်နေခဲ့သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၆ နေရာကို ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အပြည့်အဝ ပြန်ဖြည့်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသားလွှတ်တော်ရှိ တပ်မတော်သားကိုယ်စားလှယ် အစားထိုးလဲလှယ်မှုတစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့် မြို့ရွာများ ရှိခဲ့သည်။ သို့သော် သတ်မှတ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များတွင် ထိုမြို့ရွာများကို ချန်လှပ်၍ ရွေးကောက်ပွဲကျင်းပကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အပြည့်အဝ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။

## ၂.၂.၁။ အမျိုးသားလွှတ်တော်၌ ပါတီများ ပါဝင်မှု

၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရွေးကောက်တင်မြှောက်ခံရပြီး သမ္မတအဖြစ် ထပ်မံရွေးကောက်ခံရသည့် ဦးသိန်းစိန်က အစိုးရဖွဲ့သည့်အခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ခြောက်ဦးကို အစိုးရအဖွဲ့သို့ ခေါ်ယူခဲ့သည်။ အခြားမည်သည့်ပါတီမှ အမျိုးသားလွှတ်တော်တွင် ဆယ်ဂဏန်းပြည့်မီသော လွှတ်တော်ကိုယ်စားလှယ် အရေအတွက် မရှိပေ။ အမျိုးသားလွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ် ဒုတိယအများဆုံးပါတီမှာ ရခိုင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီဖြစ်ပြီး ကိုယ်စားလှယ် ၇ နေရာ ရရှိထားသည်။ ကျန်ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအားလုံးပေါင်းလျှင် အမျိုးသားလွှတ်တော်တစ်ခုလုံး၏ ၁၈ ရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် အခင်းအကျင်းသည် သိသိသာသာ ပြောင်းလဲခြင်းမရှိပဲ လစ်လပ်နေရာ ၆ ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄ နေရာ၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ တစ်နေရာစီ ပါဝင်လာကြခြင်းသာ ရှိသည်။

## ၂.၂.၂။ အမျိုးသားလွှတ်တော်၌ ကျား-မ ပါဝင်မှု

၉၇.၃ ရာခိုင်နှုန်းသော ကိုယ်စားလှယ်များမှာ အမျိုးသားများဖြစ်ပြီး၊ ၂.၆ ရာခိုင်နှုန်းဖြစ်သည့် ကိုယ်စားလှယ် ၆ နေရာကိုသာ အမျိုးသမီးကိုယ်စားလှယ်များက ရယူထားနိုင်ခဲ့သည်။ ယင်းတို့အနက် ၅ ဦးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဖြစ်ပြီး၊ တစ်ဦးမှာ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ ဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသမီးကိုယ်စားလှယ်နှစ်ဦးမှာ အစိုးရတာဝန်ထမ်းဆောင်ရန် နုတ်ထွက်သွားသောကြောင့် အမျိုးသားလွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ပါဝင်မှု ၁.၆ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

## ၂.၂.၃။ အမျိုးသားလွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်မှု

အမျိုးသားလွှတ်တော်တွင်လည်း ဗမာတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ၆၂.၁ ရာခိုင်နှုန်းဖြင့် ပါဝင်ပြီး၊ ဗမာမဟုတ်သည့် တိုင်းရင်းသားများထဲတွင် ရခိုင်တိုင်းရင်းသားများ (၆ ရာခိုင်နှုန်း)၊ ကရင် (၅.၅ ရာခိုင်နှုန်း)၊ မွန် (၅.၁ ရာခိုင်နှုန်း) နှင့် ရှမ်းတိုင်းရင်းသား (၄.၇ ရာခိုင်နှုန်း) လွှတ်တော်ကိုယ်စားလှယ် များစသည်ဖြင့် အသီးသီးရှိကြသည်။ (ကိုယ်စားလှယ်ကိုးဦး၏ တိုင်းရင်းသားဆိုင်ရာ အချက်အလက်များကို မသိရှိပါ။)

လွှတ်တော်တွင်း အင်အားအကြီးဆုံးပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြုသည့် ကယားရင်းသား လွှတ်တော်ကိုယ်စားလှယ် ကိုးဦး၊ ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ ရခိုင်

တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် လေးဦးနှင့် မွန်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်သုံးဦး အသီးသီး ရှိနေသည်။

## ၂.၂.၄။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ကိုးကွယ်ရာ ဘာသာ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး အနက် ၂၀၃ ဦးမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၈၆.၄ ရာခိုင်နှုန်းပါဝင်နေသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်သည့် လွှတ်တော်ကိုယ်စားလှယ် ၉.၈ ရာခိုင်နှုန်းရှိပြီး၊ အစ္စလာမ်ဘာသာကို ကိုးကွယ်သူ ၀.၄ ရာခိုင်နှုန်းရှိသည်။

## ၂.၂.၅။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ယခင်အလုပ်အကိုင်

အမျိုးသားလွှတ်တော်တွင် စီးပွားရေးလုပ်ငန်းရှင်အဖြစ်မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသူများမှာ အများဆုံး အချိုးအစားဖြင့် ပါဝင်ပြီး လွှတ်တော်တစ်ခုလုံး၏ ၂၁.၇ ရာခိုင်နှုန်းအထိ ရှိနေသည်။ ဒုတိယအများဆုံးမှာ ကိုယ်စားလှယ်နေရာ ၁၉.၆ ရာခိုင်နှုန်းကို ရယူထားသည့် အစိုးရဝန်ထမ်း၊ အရာရှိဟောင်းများ ဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် စစ်ဘက်မှ ကူးပြောင်းလာခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၃.၈ ရာခိုင်နှုန်း ပါဝင်နေသည်။ တကယ့်လက်တွေ့တွင် ၁၉ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များမှာ ယခင်စစ်ဘက် အရာရှိဟောင်းများ ဖြစ်သည်။ ပညာရေးနယ်ပယ်မှလာသော လွှတ်တော်ကိုယ်စားလှယ် ၈.၉ ရာခိုင်နှုန်းရှိနေပြီး၊ ဆေးပညာဘက်နှင့် ဥပဒေပညာဘက်မှ လာသော ကိုယ်စားလှယ် ၅.၁ ရာခိုင်နှုန်းနှင့် ၃.၈ ရာခိုင်နှုန်း အသီးသီးရှိနေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ကိုယ်စားလှယ် ၄.၃ ရာခိုင်နှုန်း ရှိနေသည်။

# အခန်း (၃)

# ပြည်သူ့လွှတ်တော် ပထမမှ ဆဋ္ဌမပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့် အဆိုများ အရေအတွက်အခြေပြု လေ့လာချက်

ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးထိ ကာလအတွင်း တင်သွင်းခဲ့သော အဆိုပေါင်း ၁၅၄ ခု ရှိခဲ့သည်။ ရက်ပေါင်း ၁၇၃ ရက် ကာလအတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှ အဆို ၀.၉ ခုသာ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ သို့သော် လွှတ်တော်အစည်းအဝေး တစ်ကြိမ်ချင်းစီတွင် နှိုင်းယှဉ်ပါက ဇယား (၃-၁) ပါအတိုင်း တွေ့ရှိရမည်။

ဇယား (၃-၁) အရ အဆိုတင်သွင်းမှု အနည်းဆုံးကာလသည် ဆဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများ ကာလဖြစ်ပြီး၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်အစည်းအဝေးများတွင်လည်း ခြောက်ကြိမ်အတွင်း ပျမ်းမျှအဆိုတင်သွင်းမှုပမာဏအောက် လျော့နည်းနေသည်ကို တွေ့ရမည် ဖြစ်သည်။ အဆိုတင်သွင်းမှု အများဆုံးအချိန်မှာ ပဉ္စမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများ ကာလဖြစ်ပြီး ပထမနှင့် ဒုတိယပုံမှန်အစည်းအဝေးများတွင် အစည်းအဝေး ခြောက်ကြိမ်အတွင်း ပျမ်းမျှပမာဏထက် ပိုသော အဆိုများကို တင်သွင်းနိုင်ခဲ့သည်။ပထမနှင့် ဒုတိယ ပုံမှန်အစည်းအဝေးများတွင် ပျမ်းမျှအဆိုတင်သွင်းမှု အထက်တွင် ရှိနေခဲ့သည်။ အစည်းအဝေးခြောက်ကြိမ်အနက် ထိုနှစ်ကြိမ် အတွင်းမှာပင် အဆို ၇၂ ခု တင်သွင်းနိုင်ခဲ့သည်

**ဇယား (၃.၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက်**

| | တင်သွင်း အဆို အရေ အတွက် | အစည်း အဝေး ကျင်းပ ရက်ပေါင်း | တစ်ရက်ချင်း ပျမ်းမျှ အဆို အရေအတွက် |
|---|---|---|---|
| ပထမအကြိမ် | ၁၇ | ၁၄ | ၁.၂ ↑ |
| ဒုတိယအကြိမ် | ၅၅ | ၅၁ | ၁.၁ ↑ |
| တတိယအကြိမ် | ၁၇ | ၂၃ | ၀.၇ ↓ |
| စတုတ္ထအကြိမ် | ၂၉ | ၄၀ | ၀.၇ ↓ |
| ပဉ္စမအကြိမ် | ၂၃ | ၁၅ | ၁.၅ ↑ |
| ဆဋ္ဌမအကြိမ် | ၁၃ | ၃၀ | ၀.၄ ↓ |
| စုစုပေါင်း | ၁၅၄ | ၁၇၃ | (ပျမ်းမျှ) ၀.၉ |

ဖြစ်ရာ ယင်းသည် ခြောက်ကြိမ်အတွင်း အဆိုစုစုပေါင်း၏ ထက်ဝက်နီးပါး ပမာဏ ရှိခဲ့သည်။

ပြည်သူ့လွှတ်တော်နည်းဥပဒေအရ "သာမန် အားဖြင့်

လွှတ်တော်အစည်းအဝေး နေ့စဉ်အစီအစဉ်၌ အဆိုလေးခု ထက်ပို၍ ထည့်သွင်းခြင်းမပြုရ"ဟု သတ်မှတ်ထားသည်ကို တွေ့ရသော်လည်း လက်တွေ့တွင်မူ အဆိုလေးခု အပြည့်အဝ ဆွေးနွေးခဲ့သည့် ရက်ပေါင်း ၆ ရက်သာ ရှိခဲ့သည်။

အဆိုတင်သွင်းမှုမရှိသောရက်ပေါင်း ၇၉ ရှိခဲ့သည်။ ထို့ပြင် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်ပေါင်း အဆို ၁၅၄ ခုရှိခဲ့သည်ဖြစ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၄၀ ဦး ပေါ်တွင် အခြေခံတွက်ချက်ပါက ထိုကာလအတွင်း ပျမ်းမျှအားဖြင့် လွှတ်တော်ကိုယ်စားလှယ် သုံးဦးလျှင်တစ်ဦး နှုန်းဖြင့်သာ အဆိုတင်သွင်းနိုင်ခဲ့သည်ဟု ယူဆနိုင်သည်။ ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ၇၈ ဦးရှိပြီး လွှတ်တော် ကော်မတီ တစ်ရပ်မှ တင်သွင်းသည့် အဆိုတစ်ခု ရှိခဲ့သည်။ အထောက် အထားတွေ့ရှိရသည့် အဆိုတင်သွင်းသူ လွှတ်တော်ကိုယ် စားလှယ်များထဲတွင် ရွေးကောက်ခံ လွှတ်တော် ကိုယ်စား လှယ် ၇၆ ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ် စားလှယ် ၁ ဦး ပါဝင်သည်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးတည်း မှ အဆို ၁၂ ခု အများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အဆိုလေးခုနှင့်အထက် တင်သွင်းခဲ့သည့် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်များစာရင်းနှင့် ယင်းတို့ တင်သွင်းသည့် အဆိုအရေအတွက်ကို လေ့လာနိုင်ရန် ဇယား (၃-၂) ဖြင့် ဖော်ပြထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွင် ပုံမှန်အစည်း အဝေး ခြောက်ကြိမ်ကာလအတွင်း အဆို ၃ ခု တင်သွင်းခဲ့သူ ၇ ဦး၊ အဆို ၂ ခု တင်သွင်းခဲ့သူ ၁၂ ဦးနှင့် အဆို ၁ ခု တင် သွင်းခဲ့သူ ၄၉ ဦး ရှိခဲ့သည်။ သို့ဖြစ်ရာ ရွေးကောက်တင် မြှောက်ခံရဖူးသည့် လွှတ်တော်ကိုယ်စားလှယ် ၃၆၂ ဦးတွင် လွှတ်တော်တွင် အဆိုတင်သွင်းခြင်း မတွေ့ရသည့် လွှတ် တော်ကိုယ်စားလှယ် ၂၈၆ ဦး ရှိခဲ့ပြီး၊ တပ်မတော်သားကိုယ် စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူ ၁၇၅ ဦးရှိရာ လွှတ်တော်တွင် အဆိုတင်သွင်းခြင်း မတွေ့ရသူ ၁၇၄ ဦး ရှိခဲ့ကြောင်း တွေ့ရသည်။ အဆိုတင်သွင်းခြင်း မတွေ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၄၆၀ ဦးရှိသည်။

**ဇယား (၃.၂) ပြည်သူ့လွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများတွင် အဆိုလေးခုနှင့်အထက်တင်သွင်းခဲ့သည့် ကိုယ်စားလှယ်များ**


| ကိုယ်စားလှယ် အမည်နှင့် ကိုယ်စားပြုမဲဆန္ဒနယ် | တင်သွင်းအဆို အရေအတွက် |
|---|---|
| ဦးသိန်းညွှန့်<br>သယ်ံန်းကျွန်း (ရန်ကုန်တိုင်းဒေသကြီး) | ၁၂ |
| သူရဦးအောင်ကို<br>ကန်ပက်လက် (ချင်းပြည်နယ်) | ၉ |
| ဦးကြည်မြင့်<br>လသာ (ရန်ကုန်တိုင်းဒေသကြီး) | ၆ |
| ဦးငွန်မောင်း<br>ဟားခါး (ချင်းပြည်နယ်) | ၆ |
| ဒေါ်တင်နွယ်ဦး<br>ဒဂုံမြို့သစ်မြောက်ပိုင်း(ရန်ကုန်တိုင်းဒေသကြီး) | ၅ |
| ဦးအောင်သိန်းလင်း<br>တောင်ဥက္ကလာပ (ရန်ကုန်တိုင်းဒေသကြီး) | ၅ |
| ဦးစိုးဂင်း<br>ကျောက်တံတား (ရန်ကုန်တိုင်းဒေသကြီး) | ၄ |
| ဒေါ်ဒွဲဘူ<br>အင်ဂျန်းယန် (ကချင်ပြည်နယ်) | ၄ |
| ဦးသိန်းဆွေ<br>အမ်း (ရခိုင်ပြည်နယ်) | ၄ |
| ဦးဝင်းမြင့်<br>ပုသိမ် (ဧရာဝတီတိုင်းဒေသကြီး) | ၄ |

## ၃.၁.၀။ ပြည်သူ့လွှတ်တော်အတွင်း တင်သွင်းခဲ့သည့် အဆိုများကို နှိုင်းယှဉ်လေ့လာမှုများ

ပြည်သူ့လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သော အဆိုများကို လေ့လာရာတွင် အဆို တင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်၏ ကျား-မ ဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ ကိုယ်စားပြုနိုင်ငံရေးပါတီ၊ ကိုယ်စားပြု ဒေသတို့ကို လေ့လာသလို တစ်ဖက်မှလည်း အဆိုများ၏ ရည်ရွယ်ချက်၊ ဆက်စပ်အကြောင်းအရာကဏ္ဍ၊ အဆိုအပေါ် အဆုံးအဖြတ်တို့ကိုလည်း လေ့လာပါသည်။ လွှတ်တော်၏ လုပ်ငန်းဆောင်တာများဖြစ်သော မေးခွန်း၊ အဆိုနှင့် ဥပဒေ ပြုခြင်းတို့အနက် မေးခွန်းသည် အရိုးရှင်းဆုံး လုပ်ငန်းဆောင် တာတစ်ရပ် ဖြစ်ပါသည်။ မေးခွန်းတွင် မေးမြန်းသူနှင့် ဖြေ ကြားတုန့်ပြန်သူဟူ၍သာ ရှိသော်လည်း အဆိုတွင်မူ လွှတ် တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးနိုင်သည့် အခွင့်အလမ်းလည်း ရှိနေသည်ဖြစ်ရာ အဆိုများကို လေ့လာ

ရာတွင် အဆိုတစ်ခုချင်းကို မည်သည့် လွှတ်တော် ကိုယ်စားလှယ်များက ဝင်ရောက်ဆွေးနွေးကြသည်ကိုလည်း လေ့လာရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ ဤအစီရင်ခံစာတွင် ပါဝင်ဆွေးနွေးမှုများကိုပါ အရေအတွက် ကောက်ယူဖော်ပြထားပါသည်။ ထို့ပြင် အထက်တွင် ဖော်ပြ ခဲ့သည့် လေ့လာမှုများအား အပြန်အလှန် ဆက်စပ်၍ ချိတ်ဆက်ဖော်ပြထားသည်ကိုပါ ဆက်လက်တွေ့မြင်ရမည် ဖြစ်သည်။

အစည်းအဝေးတစ်ကြိမ်ချင်းစီအတွင်း ကျင်းပခဲ့သည့် ရက်အရေအတွက်နှင့် တင်သွင်းသည့် အဆိုအရေအတွက်တို့ကို ပုံ (၃-၁) တွင် နှိုင်းယှဉ်လေ့လာနိုင်ပါသည်။




ပုံ (၃-၁) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုတင်သွင်းမှု


## ၃.၁.၁။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း

ပြည်သူ့လွှတ်တော် အစည်းအဝေးခြောက်ကြိမ်တွင် တင်သွင်းခဲ့သည့် အဆို ၁၅၄ ခု ရှိသည့်အနက် (လွှတ်တော်ကော်မတီတစ်ရပ်မှ တင်သွင်းသည့် အဆိုတစ်ခုမှအပ) အမျိုးသားများ၏ အဆို ၁၄၄ ခုရှိခဲ့ပြီး၊ အမျိုးသမီးများ တင်သွင်းခဲ့သည့်အဆို ၁၄ ခု ရှိခဲ့သည်။ အမျိုးသားများနှင့် အမျိုးသမီးများ၏ အဆိုတင်သွင်းမှုသည် အချိုးအစားအရ ၁၀း၁ ဖြစ်နေခဲ့သည်။ လွှတ်တော်တွင်း အမျိုးသမီး လွှတ်တော်အမတ်များ၏ ကိုယ်စားပြုမှုမှာ ၅ ရာခိုင်နှုန်း ဖြစ်သည့်အတွက် အဆိုအရေအတွက် နည်းပါးသည့်တိုင် ယေဘုယျအားဖြင့် လွှတ်တော်ကိုယ်စားလှယ် (အမျိုးသမီး) များ၏ အဆိုတင်သွင်းမှုသည် လွှတ်တော်ကိုယ်စားလှယ် (အမျိုးသား)များ၏ အဆိုတင်သွင်းမှုထက် ပိုနေသည်။

သို့သော် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးများအတွင်းတွင် အမျိုးသမီး လွှတ်တော် ကိုယ်စား လှယ်များ၏ အဆိုတင်သွင်းမှုများကို မတွေ့ခဲ့ရချေ။ ဒုတိယ ပုံမှန်အစည်းအဝေးကာလတွင် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်များက အဆို ၅ ခု တင်သွင်းခဲ့ပြီး အစည်းအဝေးခြောက်ကြိမ်တွင် အများဆုံး အဆိုတင်သွင်းနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ပြည်သူ့လွှတ်တော် အမျိုးသမီး ကိုယ်စားလှယ်များသည် ပဉ္စမပုံမှန်အစည်းအဝေးအတွင်း အဆို ၄ ခု၊ စတုတ္ထပုံမှန်အစည်းအဝေးအတွင်း အဆို ၃ ခု၊ တတိယနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေးများအတွင်း အဆို ၁ ခုစီ တင်သွင်းခဲ့သည်။

## ၃.၁.၂။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

ပြည်သူ့လွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့်အဆို ၁၅၄ ခုတွင် တင်သွင်းသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာပါက ဗမာ တိုင်းရင်းသားများက အဆို ၁၁၇ ခုဖြင့် အဆိုအများဆုံး တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ယင်းအဆို ၁၁၇ ခုထဲတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆိုတစ်ခုကိုပါ ထည့်သွင်းရေတွက်ထားပြီး ဖြစ်သည်။ ဒုတိယအဆို အများဆုံးတင်သွင်းခဲ့သည်မှာ ချင်းတိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပြီး အဆို ၇ ခုထိ ရှိခဲ့သည်။ ရခိုင်တိုင်းရင်းသား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက အဆို ၆ ခုဖြင့် တတိယအများဆုံး အဆိုတင်သွင်းခဲသည်။ အခြားတိုင်းရင်းသားများ၏ အဆိုတင် သွင်းမှုများကိုပါ သိရှိနိုင်ရန် ပုံ (၃-၂) တွင် လေ့လာနိုင်ပါသည်။




ပုံ (၃-၂)
**ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု**

လွှတ်တော်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုစုစုပေါင်း ၁၅၄ ခုရှိသည့်အနက် ၁၁၇ ခုကို ဗမာတိုင်းရင်းသားများက တင်သွင်းခဲ့ခြင်းဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် အဆိုအားလုံး၏ ၇၆ ရာခိုင်နှုန်း ရှိခဲ့သည်။ အဆိုတင်သွင်းမှု ဒုတိယအများဆုံး ဖြစ်သည့် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများမှာ ရာခိုင်နှုန်းအားဖြင့် အဆိုအားလုံး၏ ၄.၅ ရာခိုင်နှုန်း ဖြစ်သည်။ ဗမာတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများကြား အဆိုတင်သွင်းမှု ကြီးမားစွာ ကွာခြားလျက် ရှိသည်ကို တွေ့ရသည်။

## ၃.၁.၃။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း

ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီ ၁၆ ခုရှိရာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် အဆိုတင်သွင်းခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီ ၉ ခု ရှိကြောင်း အောက်ပါဇယား (၃-၃) အတိုင်း တွေ့ရသည်။ ဇယားထဲတွင် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့သော အဆိုများ၏ အရေအတွက်ကို နှိုင်းယှဉ်ကြည့်နိုင်မည် ဖြစ်သည်။

ပုံမှန်အစည်းအဝေး ၆ ကြိမ် (လွှတ်တော် အစည်းအဝေး ကျင်းပရက် စုစုပေါင်း ၁၇၃ ရက်တွင်) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတစ်ခု တင်သွင်းခဲ့ခြင်းနှင့် လွှတ်တော်ကော်မတီတစ်ရပ်မှ အဆိုတစ်ခု တင်သွင်းခဲ့ခြင်းတို့ကို တွေ့ရှိရသည်။

လွှတ်တော်ပုံမှန်အစည်းအဝေးတိုင်းတွင် အဆိုတင်သွင်းနိုင်ခဲ့သော ပါတီများမှာ USDP ဖြစ်သည်။ NDF ပါတီသည် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်း အဝေးတွင် အဆိုငါးခု တင်သွင်းခဲ့သည့်အတွက် ထိုစဉ်က အဆို ၃ ခု တင်သွင်းခဲ့သည့် USDP ပါတီထက် များပြားခဲ့သော်လည်း ဒုတိယမှ ဆဋ္ဌမပုံမှန် အစည်းအဝေးများအတွင်းတွင်မူ လွှတ်တော်အတွင်း ကိုယ်စားလှယ်အရေအတွက် အများဆုံး နေရာရရှိထားသည့် USDP မှ တင်သွင်းသည့် အဆိုအရေအတွက်၏ ထက်ဝက်အောက်လျော့၍ တင်သွင်း ခဲ့ခြင်းကို တွေ့ရသည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက် ပွဲတွင် အနိုင်ရရှိခဲ့သဖြင့် ပြည်သူ့လွှတ်တော်သို့ ရောက်ရှိ လာခဲ့သည့် NLD သည် စတုတ္ထအကြိမ်မှစ၍ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေး တိုင်းတွင် အဆိုများတင်သွင်းခဲ့သည်

**ဇယား (၃.၃) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပါတီအလိုက် အဆိုတင်သွင်းမှုပြဇယား**


| ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းအဆိုအရေအတွက် | | | | | | | |
|---|---|---|---|---|---|---|---|
| | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | စုစုပေါင်း |
| USDP | ၃ | ၃၇ | ၁၄ | ၂၁ | ၁၃ | ၇ | ၉၅ |
| NDF | ၅ | ၇ | ၁ | ၃ | ၁ | ၀ | ၁၇ |
| NLD | ၀ | ၀ | ၀ | ၁ | ၅ | ၂ | ၈ |
| CNP | ၄ | ၀ | ၀ | ၀ | ၂ | ၀ | ၆ |
| SNDP | ၃ | ၀ | ၀ | ၂ | ၁ | ၀ | ၆ |
| UDP | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၄ |
| RNDP | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ကော်မတီ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| တပ်မတော်သား | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| PDP | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| MDP | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| NNDP | ၀ | ၇ | ၁ | ၂ | ၀ | ၂ | ၁၂ |
| စုစုပေါင်း | ၁၇ | ၅၅ | ၁၇ | ၂၉ | ၂၃ | ၁၃ | ၁၅၄ |

ကို တွေ့ရမည် ဖြစ်သည်။ ကျန်ပါတီများမှာ ပုံမှန်အစည်းအဝေး အကြိမ်တိုင်း အဆိုတင်သွင်းနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ RNDP၊ PDP နှင့် MDP တို့သည် အစည်းအဝေး တစ်ကြိမ်စီတွင်သာ အဆိုတင်သွင်းခဲ့ပြီး ကျန်အစည်းအဝေး များတွင် အဆိုတင်သွင်းခြင်း မရှိတော့ချေ။

ပထမမှ ဆဋ္ဌမထိ ပုံမှန်အစည်းအဝေးများအတွင်း စုစုပေါင်း အဆို ၁၅၄ ခုရှိသည့်အနက် USDP သည် အဆို ၉၅ ခု တင်သွင်းခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် အစည်း အဝေးခြောက်ကြိမ်အတွင်း အဆိုစုစုပေါင်း၏ ၆၁ ရာခိုင်နှုန်း ကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ဒုတိယအများဆုံး NDF သည် USDP မှတင်သွင်းသည့် အဆိုအရေအတွက်၏ သုံးပုံ တစ်ပုံခန့် (ရာခိုင်နှုန်းအရ ၁၈ ရာခိုင်နှုန်း) ကို တင်သွင်းခဲ့သည်။ ကျန် ၇ ပါတီသည် ခြောက်ကြိမ်အတွင်း အဆို စုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းခန့်ကို တင်သွင်းခဲ့သည်။

## ၃.၁.၄။ ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုကို နှိုင်း ယှဉ်ကြည့်ပါက ရန်ကုန်တိုင်းမှ လွှတ်တော်ကိုယ်စားလှယ် များသည် အဆိုတင်သွင်းမှုအများဆုံး ဖြစ်ခဲ့ပြီး ပထမအကြိမ် မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်လွှတ်တော် အစည်းအဝေးများ တွင် စုစုပေါင်း အဆို ၅၈ ခု တင်သွင်းခဲ့သည်။ ဒုတိယအဆို အများဆုံး တင်သွင်းခဲ့သည်မှာ အဆို ၁၆ ခု တင်သွင်းခဲ့သည့် ချင်းပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ် သည်။ တတိယအများဆုံးအဖြစ် အဆို ၁၃ ခု တင်သွင်းခြင်း ကို ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက လည်းကောင်း၊ စတုတ္ထအများဆုံးအဖြစ် အဆို ၁၂ ခုကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင် ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက လည်း ကောင်း ပြုလုပ်ခဲ့သည်။




ပုံ (၃-၃)
ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် အဆိုတင်သွင်းမှု

ပုံ (၃-၃) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရေအတွက်နှင့် ယင်းတို့တင်သွင်းခဲ့သည့် အဆိုအရေအတွက်တို့ကို နှိုင်းယှဉ်လေ့လာနိုင်သည်။ ထိုသို့ ပြည်သူ့လွှတ်တော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုယ်စားလှယ်အချိုးအစားကို ဖော်ပြရာတွင် ရွေးကောက်ပွဲ ကျင်းပနိုင်မှုမရှိခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် နုတ်ထွက်ခြင်းတို့ကြောင့် ကိုယ်စားလှယ်လစ်လပ်နေသည်များကို ထည့်သွင်း တွက်ချက်ရန်မှာ အမြဲမပြတ်ပြောင်းလဲနိုင်ခြေရှိသောကြောင့် မဲဆန္ဒနယ် ၃၃၀ ကိုသာ အခြေခံ၍ တွက်ချက်ထားပါသည်။ တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦးသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်ခြင်းဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ကိုယ်စားပြုသည်ဟု မယူဆသဖြင့် ကိုယ်စားပြု ဒေသများ နှိုင်းယှဉ်တွက်ချက်ရာတွင် ယင်းတို့အား ထည့်သွင်းရေတွက်၍ ၄၄၀ ဟု ယူဆတွက်ချက်ခြင်း မပြုပါ။ ထို့ပြင် အစည်းအဝေး မှတ်တမ်းအတွင်း လွှတ်တော်ကော်မတီတစ်ရပ်မှ တင်သွင်းသည့်အဆိုတစ်ခုလည်း ရှိသေးသည်ဖြစ်ရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းခဲ့သည့် အဆိုတစ်ခုနှင့် ပေါင်းလိုက်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ကိုယ်စားပြုတင်သွင်းခဲ့သော အဆိုပေါင်း ၁၅၂ ခုကို တွေ့ရမည် ဖြစ်သည်။

ပုံအရ လွှတ်တော်ကိုယ်စားလှယ် ၁၃.၆၄ ရာခိုင်နှုန်းရှိသော ရန်ကုန်တိုင်းဒေသကြီးမှ အဆို ၃၇.၇ ရာခိုင်နှုန်းကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၂.၇၃ ရာခိုင်နှုန်းရှိသော ချင်းပြည်နယ်မှ အဆို ၁၀.၄ ရာခိုင်နှုန်းကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၅.၄၅ ရာခိုင်နှုန်းရှိသော ကချင်ပြည်နယ်မှ အဆို ၈.၄ ရာခိုင်နှုန်းကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်၅.၁၅ရာခိုင်နှုန်းရှိသော ရခိုင်ပြည်နယ်မှ အဆို ၇.၈ ရာခိုင်နှုန်းကိုလည်းကောင်း ယင်းတို့၏ ကိုယ်စားပြုမှု အချိုးအစားထက် ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရသည်။

ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ခြောက်ကြိမ်တိုင်တိုင် အဆိုတင်သွင်းခဲ့ခြင်းမတွေ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ တနင်္သာရီတိုင်းဒေသကြီးမှ ဖြစ်သည်။

## ၃.၁.၅။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအား လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုကို လေ့လာခြင်း

ပြည်သူ့လွှတ်တော်တွင် ပထမအကြိမ်မှ ဆဌမအကြိမ်အထိတင်သွင်းခဲ့သော အဆို ၁၅၄ ခုအနက် အဆို ၈၀ ကို လွှတ်တော်ကိုယ်စားလှယ် ၁၉၅ ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ အခြားဆွေးနွေးခြင်း မပြုခဲ့သော အဆိုများမှာ လွှတ်တော်မှ ဆွေးနွေးရန် လက်မခံခဲ့သော အဆိုများနှင့် ဆွေးနွေးရန် သဘောတူ လက်ခံထားသော်လည်း ဆဌမအကြိမ်ပြီးဆုံးသည်အထိ ဆွေးနွေးရန် ကျန်ရှိနေသေးသော အဆိုများဖြစ်သည်။ (ဆွေးနွေးရန်အတွက် အဆိုများကို လက်ခံခြင်း၊ ပယ်ချခြင်းတို့ နှင့် ပတ်သက်ပြီး အခန်းခွဲငယ် ၃.၁.၈ တွင် လေ့လာနိုင်ပါသည်။) ထို့ကြောင့် အဆိုတစ်ခုလျှင် ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ ယေဘုယျအားဖြင့် နှစ်ဦးထက်မနည်း၊ အတိအကျအားဖြင့် ၂.၄ ဦးနှုန်း ရှိသည်ကို တွေ့ရသည်။

အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုအား လေ့လာကြည့်လျှင် အလုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်နှင့် သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းတို့ အများဆုံး ဝင်ရောက်ဆွေးနွေးထားကြောင်း

**ဇယား (၃.၄) လွှတ်တော်ခြောက်ကြိမ်အတွင်း အဆို ဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များ**

| ကိုယ်စားလှယ် အမည်နှင့် ကိုယ်စားပြု မဲဆန္ဒနယ် | ဆွေးနွေးမှု အကြိမ် |
|---|---|
| ဦးခိုင်မောင်ရည်၊ အလုံ (ရန်ကုန်တိုင်းဒေသကြီး) | ၁၃ |
| ဦးရဲထွန်း၊ သီပေါ (ရှမ်းပြည်နယ်) | ၁၃ |
| ဒေါ်နန်းဂါနု၊ ကွမ်ဟိန်း (ရှမ်းပြည်နယ်) | ၈ |
| ဒေါက်တာစိုင်းကျော်အုန်း၊နမ့်ခမ်း (ရှမ်းပြည်နယ်) | ၇ |
| ဦးထန်လိန်း၊မင်းတပ် (ချင်းပြည်နယ်) | ၇ |
| ဦးကိုကြီး၊ အောင်မြေသာဇံ (မန္တလေးတိုင်းဒေသကြီး) | ၇ |
| ဒေါ်နန်းစေအွာ၊ ဖားအံ (ကရင်ပြည်နယ်) | ၆ |
| ဦးအောင်သန်း၊ ရွှေဘို (စစ်ကိုင်းတိုင်းဒေသကြီး) | ၆ |
| ဦးကြည်မြင့်၊ လသာ (ရန်ကုန်တိုင်းဒေသကြီး) | ၆ |
| ဦးသောင်း၊ မော်လိုက် (စစ်ကိုင်းတိုင်းဒေသကြီး) | ၆ |

တွေ့ရပြီး အဆို ၁၃ ခုစီကို ဂင်ရောက်ဆွေးနွေးခဲ့ကြသည်။ ပြည်သူ့လွှတ်တော် ပထမခြောက်ကြိမ်အတွင်း အဆို ဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဇယား (၃.၄) တွင် ကြည့်နိုင်ပါသည်။

ပြည်သူ့လွှတ်တော်တွင် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ် အတွင်း အဆိုဆွေးနွေးသည့် အကြိမ်အရေအတွက် ၄၁၁ ကြိမ်ကို လွှတ်တော်ကိုယ်စားလှယ် အမျိုးသားများက ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး၊ ဆွေးနွေးမှု စုစုပေါင်း၏ ၈၆.၂ ရာခိုင်နှုန်းရှိခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်အမျိုးသမီးများ၏

**ဇယား (၃.၅) ပြည်သူ့လွှတ်တော် ပထမကြိမ်မှ ဆဋ္ဌမအကြိမ်ထိ တိုင်းရင်းသားအလိုက် အဆိုဆွေးနွေးမှု**

| တိုင်းရင်းသား | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|
| ဗမာ | ၂၈၁ |
| ရှမ်း | ၅၇ |
| ရခိုင် | ၃၁ |
| ချင်း | ၁၉ |
| ကရင် | ၁၇ |
| မွန် | ၁၄ |
| နာဂ | ၈ |
| ရဝမ် | ၇ |
| ပအိုဝ်း | ၆ |
| အင်းသား | ၅ |
| ကချင် | ၅ |
| ဂိုန်းဖော | ၄ |
| ဗမာ-တရုတ် | ၄ |
| လောဂေါ် | ၃ |
| ယင်းတလဲ | ၂ |
| ကယား | ၂ |
| ရှမ်း-ပအိုဝ်း | ၂ |
| လားဟူ | ၂ |
| လေရှီး | ၁ |
| ရှမ်း-ဗမာ | ၁ |
| ဗမာ-ထားဝယ် | ၁ |
| ဝ | ၁ |

ဆွေးနွေး မှုမှာ ၆၆ ကြိမ်ရှိပြီး ၁၃.၈ ရာခိုင်နှုန်းရှိခဲ့သည်။ သို့သော် ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းမှာ ၅ ရာခိုင် နှုန်းသာရှိသဖြင့်၊ ဆွေးနွေးနိုင်မှု ရာခိုင်နှုန်းမှာ ပါဝင်မှုရာခိုင်နှုန်းထက် နှစ်ဆမကမြင့်မားနေကြောင်း တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် အဆိုအများဆုံး ဆွေးနွေးထားသည့် တိုင်းရင်းသားများမှာ ဗမာတိုင်းရင်းသားများဖြစ်ပြီး ရှမ်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များက ဒုတိယအများဆုံး ဆွေးနွေးထားသည်။ သို့သော် အများဆုံး ဆွေးနွေးထားသည့် ဗမာတိုင်းရင်းသားများနှင့် ဒုတိယအများဆုံး ဆွေးနွေးထားသည့် ရှမ်းတိုင်းရင်းသားများ၏ ဆွေးနွေးမှုအချိုးမှာ ငါးဆ တစ်ဆ နီးပါးကွာခြားမှုရှိသဖြင့် ဗမာတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ငါးကြိမ် ဆွေးနွေးလျှင် ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ တစ်ကြိမ်သာဆွေးနွေးနိုင်ကြောင်း ဇယား (၃.၅) တွင် တွေ့ရသည်။

**ဇယား (၃.၆) ပြည်သူ့လွှတ်တော် ပထမကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပါတီအလိုက် အဆိုဆွေးနွေးမှု**

| ပါတီ | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|
| USDP | ၂၄၁ |
| SNDP | ၅၆ |
| NLD | ၄၁ |
| NDF | ၃၄ |
| NUP | ၂၆ |
| RNDP | ၂၃ |
| MDP | ၁၁ |
| PDP | ၁၀ |
| CNP | ၆ |
| PNO | ၆ |
| UDP | ၅ |
| CPP | ၃ |
| INDP | ၃ |
| NNDP | ၂ |
| WDP | ၁ |


အဆိုများအပေါ် ပါတီအလိုက် ဝင်ရောက်ဆွေးနွေးမှုတွင် USDP သည် အကြိမ်ရေ ၂၄၀ ဆွေးနွေးထားပြီး အမြင့်ဆုံးဖြစ်သည်။ SNDP သည် ၄၁ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ၊ NLD သည် ၄၁ ကြိမ်ဖြင့် တတိယဆွေးနွေးမှုအများဆုံး ပါတီဖြစ်ကြောင်း တွေ့ရသည်။ ပါတီ ၁၃ ခုမှ ဝင်ရောက်ဆွေးနွေးမှု အနေအထားကို ဇယား (၃.၆) တွင် ဖော်ပြထားသည်။ ပထမအများဆုံး ဆွေးနွေးနိုင်သည့် ပါတီနှင့် ဒုတိယအများဆုံး ဆွေးနွေးနိုင်သည့် ပါတီအကြား အချိုးမှာ လေးဆတစ်ဆမက ကွာခြားသည်ကို တွေ့ရမည် ဖြစ်သည်။

ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာကြည့်သည့်အခါ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုဆွေးနွေးမှုမှာ ၈၄ ကြိမ် (၁၇.၅ ရာခိုင်နှုန်း) ဖြင့် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပြီး၊ ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက အကြိမ် ၈၀ (၁၆.၇ ရာခိုင်နှုန်း) ဖြင့် ဒုတိယအများဆုံး ဝင်ရောက်ဆွေးနွေးထားသည်။ တိုင်းဒေသကြီးအလိုက် လွှတ်တော်ကိုယ်စားလှယ်ခွဲဝေမှုတွင် ရန်ကုန်တိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့မှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အများဆုံးရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၄၅ နယ်ရှိပြီး၊ ရှမ်းပြည်နယ်တွင် ၅၅ နယ်ရှိသည်။ ယင်းကို ဇယား ၃.၇ တွင် လေ့လာနိုင်သည်။

**ဇယား (၃.၇) ပြည်သူ့လွှတ်တော် ပထမကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ကိုယ်စားပြု ဒေသအလိုက် အဆိုဆွေးနွေးမှု**

| ဒေသ | မဲဆန္ဒနယ် အရေအတွက် | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|---|
| ရန်ကုန် | ၄၅ | ၈၄ |
| ရှမ်း | ၅၅ | ၈၀ |
| စစ်ကိုင်း | ၃၇ | ၄၇ |
| မန္တလေး | ၃၆ | ၄၆ |
| ရခိုင် | ၁၇ | ၃၈ |
| ကချင် | ၁၈ | ၂၈ |
| ပဲခူး | ၂၈ | ၂၅ |
| မကွေး | ၂၅ | ၂၄ |
| ဧရာဝတီ | ၂၆ | ၂၂ |
| ချင်း | ၉ | ၂၀ |
| မွန် | ၁၀ | ၁၉ |
| ကရင် | ၇ | ၁၆ |
| တနင်္သာရီ | ၂၀ | ၁၁ |
| ကယား | ၇ | ၉ |

## ၃.၁.၆။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း




(ပုံ ၃-၄)

**ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းမှုအများဆုံး အကြောင်းအရာများ**

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း အဆိုများကို အကြောင်းအရာအလိုက် ခွဲခြားကြည့်ပါက အများဆုံးအဖြစ် ပညာရေးနှင့် ပတ်သက်သည့်အဆို ၁၆ ခုကို တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဒုတိယ အများဆုံးအဆိုတင်သွင်းကြသည့် အကြောင်းအရာ/ကဏ္ဍအဖြစ် စီးပွားရေးနှင့် ပတ်သက်သည့် အဆိုပေါင်း ၁၄ ခု နှင့် ဥပဒေပြုရေးနှင့် ပတ်သက်သည့် အဆို ၁၄ ခုတို့ ရှိခဲ့ကာ တတိယအများဆုံး အဆိုတင်သွင်းမှုအဖြစ် လူမှု

အထောက်အပံ့ဆိုင်ရာ အဆို ၁၂ ခုရှိကြောင်း တွေ့ရသည်။ အများဆုံးအဆိုတင်သွင်းသော အကြောင်းအရာ ဖြစ်သည့် ပညာရေးဆိုင်ရာ အဆိုများကို ပုံမှန်အစည်းအဝေး အကြိမ်တိုင်းတွင် တင်သွင်းမှုရှိခဲ့သည်။ ဥပဒေပြုရေးဆိုင်ရာ အဆိုများကိုမူ ပထမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းခြင်း မရှိခဲ့ချေ။ အရေအတွက်အားဖြင့် ၁၁ ခုရှိသည့် ကျန်းမာရေးဆိုင်ရာ အဆိုများကိုလည်း ပုံမှန်အစည်းအဝေး အကြိမ်တိုင်းတွင် တင်သွင်းခဲ့သည်။ ပညာရေးနှင့် ကျန်းမာရေးမှလွဲ၍ ကျန်အကြောင်းအရာကဏ္ဍများနှင့် ပတ်သက်လျှင် ပုံမှန်အစည်းအဝေးတိုင်းတွင် တင်သွင်းခဲ့ခြင်း မရှိပါ။ (ပုံ ၃-၄)

ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကာလအတွင်း အဆိုတင်သွင်းမှုများတွင် အကြောင်းအရာအားဖြင့် ၁၈ ခုထိ အများဆုံး စုံလင်ခဲ့သည်ကို တွေ့ရသည်။ ပထမနှင့် ပဉ္စမပုံမှန်အစည်းအဝေးများအတွင်း အကြောင်းအရာ ၁၂ မျိုးစီ၊ တတိယပုံမှန်အစည်းအဝေးများအတွင်း အကြောင်းအရာ ၁၃ မျိုး၊ စတုတ္ထပုံမှန်အစည်းအဝေးများအတွင်း အကြောင်းအရာ ၁၄ မျိုး၊ တင်သွင်းခဲ့ပြီး ဆဋ္ဌမ ပုံမှန်အစည်းအဝေးများအတွင်း အကြောင်းအရာအားဖြင့် ၁၁ ခုကိုသာ လွှမ်းခြုံနိုင်သည့် အဆိုများကိုသာ တင်သွင်းခဲ့ကြသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာအဆို ၂ ခုကို ပထမပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့ပြီး နောက်ထပ်ပုံမှန်အစည်းအဝေးများတွင် တင်သွင်းမှုမပြုတော့ကြောင်း တွေ့ရသည်။ အလားတူပင် အကျင့်ပျက်ခြစားမှုဆိုင်ရာ အဆိုတစ်ခုကို တတိယပုံမှန် အစည်းအဝေးတွင် လည်းကောင်း၊ စွမ်းအင်ဆိုင်ရာ အဆိုတစ်ခုကို စတုတ္ထ ပုံမှန်အစည်းအဝေးတွင်လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အဆိုတစ်ခုကို ပဉ္စမပုံမှန်အစည်းအဝေးတွင်လည်းကောင်း ဆွေးနွေးခဲ့ပြီး ကျန်ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့ခြင်း မရှိကြောင်း တွေ့ရသည်။

## ၃.၁.၇။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆို ၁၅၄ ခုရှိရာတွင် ၁၁၁ ခုသည် အစိုးရကို စိစစ်ထိန်းကျောင်းရန် ရည်ရွယ်သော အဆိုများဖြစ်သည်။ ယင်းမှာ အဆိုအားလုံး၏ ၇၂.၁ ရာခိုင်နှုန်းဖြစ်သည်။ ဥပဒေပြုရေး ရည်ရွယ်ချက်ဖြင့် တင်သွင်းသော အဆိုများ ၃၀ ရှိခဲ့သည့်အတွက် ၁၉.၅ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ ကျန်အဆိုများမှာ ကိုယ်စားပြုရေးကို ရည်ရွယ်သည့် အဆို ၁၃ ခု (၈.၄ ရာခိုင်နှုန်း) ဖြစ်သည်။ ကိုယ်စားပြုရေးကို ရည်ရွယ်သည့် အဆိုများကို စတုတ္ထအကြိမ်နှင့် ဆဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့ခြင်း မတွေ့ခဲ့ရချေ။ စတုတ္ထပုံမှန်အစည်းအဝေး ကာလတွင် အဆို ၂၉ ခု တင်သွင်းခဲ့သည့်အနက် ၂၇ ခု သည် အစိုးရကို စိစစ်ထိန်းကျောင်းရန် ရည်ရွယ်သည့် အဆိုများဖြစ်ပြီး ဥပဒေပြုရေး ရည်ရွယ်သည့် အဆိုပေါင်း ၁၂ ခုကို ဒုတိယ ပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ အသေးစိတ်ကို ဇယား (၃-၈) တွင် လေ့လာနိုင်သည်။

**ဇယား (၃.၈) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှုပြဇယား**

| ရည်ရွယ်ချက် | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | ပေါင်း |
|---|---|---|---|---|---|---|---|
| ဥပဒေပြုခြင်း | ၂ | ၁၂ | ၅ | ၂ | ၅ | ၄ | ၃၀ |
| အစိုးရကို စိစစ်ထိန်းကျောင်းခြင်း | ၁၂ | ၃၇ | ၁၀ | ၂၇ | ၁၆ | ၉ | ၁၁၁ |
| ကိုယ်စားပြုခြင်း | ၃ | ၆ | ၂ | ၀ | ၂ | ၀ | ၁၃ |
| စုစုပေါင်း | ၁၇ | ၅၅ | ၁၇ | ၂၉ | ၂၃ | ၁၃ | ၁၅၄ |

## ၃.၁.၈။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်များကို လေ့လာခြင်း


ပြည်သူ့လွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန် အစည်းအဝေးများအတွင်း တင်သွင်းခဲ့သော အဆို ၁၅၄ ခုတို့ အပေါ် လွှတ်တော်၏ အဆုံးအဖြတ်များကို အရေအတွက်အရ ချဉ်းကပ်လေ့လာလျှင် ပုံ (၃.၅) ပါအတိုင်း တွေ့မြင်ရမည် ဖြစ်သည်။

တင်သွင်းခဲ့သော အဆိုများ၏ ၄၃ ရာခိုင်နှုန်းသည် အတည်ပြုခြင်းခံခဲ့ရသည်။ ကျန်အဆိုများကမူ ဆွေးနွေးရန် လက်မခံခဲ့သည့် အဆို ၂ ခု၊ ပြန်လည်ရုတ်သိမ်းသွားသည့် အဆို ၂၂ ခု၊ မှတ်တမ်းတင်ထားသည့် အဆို ၄၉ ခု၊ အတည်မပြုခဲ့သည့်အဆို ၈ ခုနှင့် ဆွေးနွေးရန် သဘောတူထားသော်လည်း ဆဋ္ဌမပုံမှန် လွှတ်တော် အစည်းအဝေးများ ပြီးဆုံးသည့်တိုင် ဆွေးနွေးခြင်း မတွေ့ရတော့သည့် အဆို ၇ ခုတို့ ဖြစ်သည်။ ပုံတွင် တွေ့မြင်နိုင်သည့်အတိုင်း အတည်ပြုခြင်း ခံရသည့်အဆို ၆၆ ခုတွင် ၄၇ ခုကို USDP မှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ကြောင်း တွေ့ရနိုင်သည်။ အဆိုအတည်ပြုခြင်းခံရသည့် အခြားပါတီများထဲတွင် NLD မှ အဆို ၅ ခု၊ SNDP မှ အဆို ၄ ခု၊ NDF မှ အဆို ၁ ခု၊ UDP မှ အဆို ၃ ခု၊ NNDP နှင့် CNP မှ အဆို ၂ ခုစီ၊ RNDPမှအဆို၁ခုတို့ပါဝင်သည်။တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတင်သွင်းခဲ့သည့်အဆိုတစ်ခုသည်လည်းအတည်ပြုခြင်းခံခဲ့ရသည်။

အစည်းအဝေးခြောက်ကြိမ်အတွင်း ဆွေးနွေးရန် လက်မခံခဲ့သည့် အဆို ၂ ခုရှိရာ ဒုတိယနှင့် တတိယ ပုံမှန် အစည်းအဝေးများအတွင်း ဖြစ်ပြီး ကျန်အစည်းအဝေးများအတွင်း ဆွေးနွေးရန် လက်မခံခဲ့သည့် အဆိုမရှိချေ။

အဆိုတင်သွင်းသည့် ပါတီများအနက် NDF မှ အဆို ၃ ခု၊ SNDP၊ USDP၊ NNDP၊ NLD နှင့် CNP တို့မှ အဆို ၁ ခုစီတို့ သည် အတည်မဖြစ်ခဲ့ချေ။ ဒုတိယ၊ ပဉ္စမနှင့် ဆဋ္ဌမ ပုံမှန် အစည်းအဝေးများအတွင်း အတည်မဖြစ်သည့်အဆိုများ မရှိကြောင်း တွေ့ရသည်။

အဆိုကို ဆွေးနွေးရန် သဘောတူထားခဲ့သော်လည်း ဆဋ္ဌမပုံမှန်အစည်းအဝေးများ ပြီးဆုံးသည်ထိ ပြန်လည် ဆွေးနွေးခြင်း မတွေ့ရတော့သည့် အဆို ၇ ခုရှိရာ ၆ ခုကို




(ပုံ ၃-၅)

**ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏အဆုံးအဖြတ်**

USDP မှ တင်သွင်းခဲ့ခြင်း ဖြစ်ပြီး၊ ကျန် ၁ ခုကို NLD မှ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပဉ္စမပုံမှန်အစည်းအဝေးတွင် ပြန်လည်တင်သွင်းသည့် အဆို ၂ ခုကို တွေ့ရသည်။ ယင်းတို့အနက် မှ တစ်ခုမှာ စတုတ္ထပုံမှန် အစည်းအဝေးအတွင်း ၂၀၁၂ ခုနှစ် ဧက်တင်ဘာလ ၅ ရက်တွင် ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ကတစ်ကြိမ် တင်သွင်းခဲ့ပြီး ပဉ္စမပုံမှန် အစည်းအဝေးကျင်းပဆဲ ထိုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် အရေးကြီးအဆိုအဖြစ် ပြန်လည်တင်သွင်းခဲ့ခြင်း ဖြစ်သည်။ အလားတူအဆိုတစ်ခုမှာ ပဉ္စမ ပုံမှန်အစည်းအဝေးအတွင်း ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းက တစ်ကြိမ် တင်သွင်းခဲ့ပြီး ပဉ္စမပုံမှန်အစည်းအဝေးကျင်းပဆဲ ထိုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် ပြန်လည် တင်သွင်းခဲ့ခြင်း ဖြစ်သည်။

# ၃.၁.၉။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းသောအဆိုများဆိုင်ရာ အချက်အလက်များကို ဆက်စပ်လေ့လာခြင်း

## ပါတီများကို ဆက်စပ်လေ့လာခြင်း

ပြည်သူ့လွှတ်တော် ပထမခြောက်ကြိမ်အတွင်း ဆွေးနွေးခဲ့သည့် အဆိုများကို ပါတီကိုးခုမှ တင်သွင်းခဲ့ခြင်း ဖြစ်ပြီး၊ ပါတီ ၁၃ ခုမှ ကိုယ်စားလှယ်များပင်ရောက်ဆွေးနွေးခဲ့သည်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဝင်ရောက်ဆွေးနွေးခဲ့သည်။

လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီတစ်ရပ်ရပ်မှ အဆိုတင်သွင်းခဲ့ကာ USDP မှ လွှတ်တော်ကိုယ်စားလှယ်(များ) ပါဝင်ဆွေးနွေးခြင်း မခံခဲ့ရသည့် ပါတီဟု မရှိချေ။ ထို့အတူ USDP မှ တင်သွင်းသည့် အဆိုများကိုလည်း အခြားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးဖူးကြကြောင်း တွေ့ရှိရသည်။ ထို့အပြင် USDP မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆို ၉၅ ခုကို USDP မှ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဝင်ရောက်ဆွေးနွေးမှု ၁၇၈ ကြိမ်ရှိခဲ့သည်။ ထို့ကြောင့် USDP မှတင်သွင်းသည့် အဆိုတစ်ခုလျှင် USDP လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှုန်းဖြင့် ပါဝင် ဆွေးနွေးလေ့ရှိကြောင်း တွေ့ရသည်။ အခြားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များက USDP လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများကို ပါဝင်ဆွေးနွေးမှုကိုကြည့်လျှင် SNDP ပါတီမှ ဝင်ရောက်ဆွေးနွေးမှု အများဆုံးဖြစ်ကာ ၃၆ ကြိမ်အထိ ရှိခဲ့သည်။ သို့သော် USDP တစ်ပါတီတည်းမှ လွှတ်တော်အမတ်များ၏ ပါဝင်ဆွေးနွေးမှုနှင့် နှိုင်းစာသော် ငါးဆတစ်ဆ ကွာခြားကြောင်း တွေ့ရှိရသည်။ အခြားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများတွင် USDP ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှုသည် အဆို တင်သွင်းသူနှင့် ပါတီတူ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးမှုထက် ပိုမိုကြောင်း တွေ့ရသည်။ NDF မှ တင်သွင်းသော အဆို ၁၇ ခုတွင် USDP မှ ၂၂ ကြိမ်ပါဝင် ဆွေးနွေးခဲ့ပြီး၊ NNDP မှတင်သွင်းသော အဆိုများတွင်မူ ၁၅ ကြိမ် ပါဝင်ဆွေးနွေးခဲ့သည်။ သို့သော် NDF နှင့် NNDP လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် ထိုအဆိုများတွင် ဝင်ရောက်ဆွေးနွေးမှုမှာ ဆယ်ဂဏန်းပင် မရှိခဲ့ကြောင်း တွေ့ရသည်။ သို့သော် SNDP နှင့် NLD မှ တင်သွင်းသည့် အဆိုများကို USDP မှ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးမှုမှာ အဆိုရှင်၏ ပါတီမှ ဆွေးနွေးမှုထက် နည်းပါးကြောင်းတွေ့ရသည်။ SNDP ၏ အဆို ခြောက်ခုတွင် USDP လွှတ်တော်ကိုယ်စားလှယ်များက လေးကြိမ်ပါဝင်ဆွေးနွေးခဲ့ပြီး၊ NLD ၏ အဆို ရှစ်ခုတွင် USDP မှ ပါဝင်ဆွေးနွေးမှု တစ်ကြိမ်ရှိခဲ့သည်။ ထိုပမာဏသည် ပါတီအလိုက် တင်သွင်းသောအဆိုများကို USDP မှ ပါဝင်ဆွေးနွေးမှုတွင် အနည်းဆုံး ပမာဏဖြစ်သည်။ သို့သော် USDP မှ တင်သွင်းသည့် အဆိုအများစုကို NLD လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှုမှာ ၁၉ ကြိမ်အထိရှိခဲ့သည်။ NLD အနေဖြင့် USDP မှတင်သွင်းသောအဆိုများတွင် ပါဝင် ဆွေးနွေးမှုအများဆုံး ဖြစ်ခဲ့သည်။

**ဇယား (၃.၉) ကိုယ်စားပြုပါတီတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု**

| ပါတီ | တင်သွင်းအဆို အရေအတွက် | ပါတီတူ လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးသည့် အကြိမ်ရေ |
|---|---|---|
| USDP | ၉၆ | ၁၇၈ |
| NDF | ၃၃ | ၄ |
| NLD | ၈ | ၇ |
| CNP | ၆ | ၂ |
| SNDP | ၆ | ၆ |
| UDP | ၄ | ၀ |
| RNDP | ၂ | ၃ |
| PDP | ၁ | ၀ |
| MDP | ၁ | ၀ |
| NNDP | ၁၂ | ၀ |

ပါတီတစ်ခုနှင့် တစ်ခု အပြန်အလှန်ဆွေးနွေးမှုတွင် USDP နှင့် NDF တို့အကြား အမြင့်မားဆုံးရှိခဲ့ကြောင်း တွေ့ရပြီး၊ USDP က NDF ၏ အဆိုများတွင် ပါဝင်ဆွေးနွေးမှု ၂၂ ကြိမ်ရှိကာ၊ NDF က USDP အဆိုများတွင် ဝင်ရောက်ဆွေးနွေးမှု ၁၉ ကြိမ်ရှိကြောင်း တွေ့ရသည်။ ကိုယ်စားပြုပါတီတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအရေအတွက်ကိုမူ ဇယား (၃.၉) တွင်လေ့လာနိုင်သည်။

ပါတီများအကြား အဆိုများကို အပြန်အလှန်ဆွေးနွေးမှုများ ရှိခဲ့သော်လည်း RNDP မှတင်သွင်းသော အဆိုများကို USDP မှလွဲ၍ အခြားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်

များ ပါဝင်ဆွေးနွေးမှု မရှိခဲ့ကြောင်း တွေ့ရသည်။

အဆို ၁၅၄ ခုရှိသော်လည်း ယင်းတို့အနက် အဆို ၈၀ ကိုသာ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင် ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ပါဝင်ဆွေးနွေးကြရာတွင် တပ်မတော်သား ကိုယ်စားလှယ်များထဲမှ ငါးဦးရှိပြီး၊ ဗိုလ်မှူးကြီးဌေးနိုင် (အဆို နှစ်ခု)၊ ဗိုလ်မှူးကြီးတင့်ဆန်း (အဆို နှစ်ခု)၊ ဗိုလ်မှူးကြီး အောင်မြင့်၊ ဗိုလ်မှူးကြီးခင်မောင်ထွန်းနှင့် ဗိုလ်မှူးမြင့်ဟန် (အဆိုတစ်ခုစီ)တို့ ဖြစ်သည်။ ဗိုလ်မှူးကြီး ဌေးနိုင်မှာ တပ်မတော်သားကိုယ်စားလှယ်များထဲမှ တစ်ဦးတည်းသော အဆိုတင်သွင်းသူဖြစ်သည်။ (၎င်း၏အဆိုနှင့် စပ်လျဉ်း၍ စာမျက်နှာ ၃၅ တွင် လေ့လာနိုင်ပါသည်။) တပ်မတော်သား ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးခဲ့သည့် အဆိုငါးခု အနက် လေးခုမှာ ရွေးကောက်ခံ ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများဖြစ်သည်။

ပါတီများ အကြောင်းအရာအလိုက် အဆိုဆွေးနွေးမှုကို လေ့လာရာတွင် USDP သည် အကြောင်းအရာအများဆုံး အဆို ဆွေးနွေးနိုင်သည့် ပါတီဖြစ်ကြောင်းတွေ့ရပြီး၊ အများဆုံးဆွေးနွေးထားသည့် အကြောင်းအရာများမှာ ပညာရေး (၃၁ ကြိမ်)၊ လူမှုရေးအထောက်အပံ့ (၂၆ ကြိမ်)၊ ဥပဒေပြုရေး (၂၅) ကြိမ်တို့ဖြစ်သည်။ အကြောင်းအရာ တစ်မျိုးတည်းကို ဆယ်ကြိမ်နှင့်အထက် ဆွေးနွေးနိုင်ခဲ့သည့် အခြားပါတီနှစ်ခုသာရှိခဲ့သည်။ ဥပဒေပြုရေးနှင့် ပတ်သက်ပြီး NLD မှ လွှတ်တော်ကိုယ်စားလှယ်များက ၁၄ ကြိမ် ပါဝင် ဆွေးနွေးခဲ့ပြီး၊ SNDP မှ ၁၀ ကြိမ်ဝင်ရောက်ဆွေးနွေးခဲ့သည်။ ပါတီအားလုံးစုစုပေါင်း အဆိုဆွေးနွေးမှုတွင် ဥပဒေပြုရေးနှင့် ပတ်သက်ပြီး ဆွေးနွေးမှုအများဆုံးဖြစ်ကြောင်း တွေ့ရကာ ၇၅ ကြိမ်ဆွေးနွေးထားသည်။

## တိုင်းရင်းသားဖြစ်မှုအလိုက် ဆက်စပ်လေ့လာခြင်း

အဆိုများကို ဆွေးနွေးမှုတွင် အဆိုတင်သွင်းသူ၏ တိုင်းရင်းသားဖြစ်မှုနှင့် အဆိုဆွေးနွေးသူ၏ တိုင်းရင်းသားဖြစ်မှုကို ဆက်စပ်လေ့လာကြည့်သည့်အခါ လွှတ်တော်တွင်း အများစုဖြစ်သည့် ဗမာတိုင်းရင်းသားများဆွေးနွေးမှုမှာ ၂၈၀ ကြိမ်ဖြင့် အမြင့်ဆုံးဖြစ်ကြောင်းတွေ့ရသည်။ ယင်းမှ ၂၃၇ ကြိမ်မှာ ဗမာတိုင်းရင်းသားများ တင်သွင်းသည့် အဆိုများအပေါ် ဆွေးနွေးမှုဖြစ်သည်။ ဗမာတိုင်းရင်းသား ကိုယ်စားလှယ်များသည် အခြားတိုင်းရင်းသားကိုယ်စားလှယ်များ တင်သော အဆိုများအားလုံးတွင် ဝင်ရောက်ဆွေးနွေးဖူးကြောင်းလည်း တွေ့ရသည်။ စုစုပေါင်း ဆွေးနွေးသည့် အကြိမ်ရေ ၄၇၉ ကြိမ်ရှိသည့်အတွက် ဗမာတိုင်းရင်းသားများနှင့် အခြား တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး စုစုပေါင်း ဆွေးနွေးမှုမှာ သုံးဆ နှစ်ဆ ကွာခြားကြောင်း တွေ့ရသည်။ ပါဝင်ဆွေးနွေးမှုတွင် ရှမ်းတိုင်းရင်းသားများသည် ၅၇ ကြိမ် ဖြင့် ဒုတိယ အများဆုံးဖြစ်သည်။ ထိုအထဲမှ ၂၉ ကြိမ်မှာ ဗမာ တိုင်းရင်းသားများတင်သွင်းသည့် အဆိုများ

### တပ်မတော်သားကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု

လွှတ်တော်သုံးရပ် အစည်းအဝေးများ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိတွင် ပြည်သူ့လွှတ်တော် တပ်မတော်သား ကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့ အဆိုတင်သွင်းခဲ့ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၆) ရက်မြောက်နေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်သည် မြန်မာဆိုသည့် စကားရပ်အား ရေးသားပြုစု ပုံနှိပ်ထုတ်ဝေခြင်းများတွင် အသုံးပြုသည့်အခါ နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သောနေရာများတွင်သာ အသုံးပြုရန်၊ အမှတ်တံဆိပ်အပါအဝင် အခြား မသင့်လျော်သောနေရာများတွင် ၎င်းအသုံးအနှုန်းကို သုံးစွဲခွင့်မပြုရေး ဥပဒေပြဋ္ဌာန်းပေးရန် အဆိုတင်သွင်းခဲ့သည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်ကြိုင် (ညောင်ဦးမဲဆန္ဒနယ်)၊ ဦးစိန်မြင့် (ဗိုလ်တစ်ထောင်မဲဆန္ဒနယ်)၊ ဦးစိုင်းစောတင် (မိုင်းယောင်းမဲဆန္ဒနယ်)၊ ဦးရဲထွန်း (သီပေါမဲဆန္ဒနယ်)၊ ဒေါက်တာအေးမြင့် (ရွှေတောင်မဲဆန္ဒနယ်)နှင့် ဦးမောင်ဦး (ဖောင်းပြင်မဲဆန္ဒနယ်)တို့မှ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်းကလည်း ဝင်ရောက်ဆွေးနွေးခဲ့သည်။ ထိုအဆိုကို သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင် ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)က ဝင်ရောက်ဖြေဆိုထောက်ခံခဲ့၍ အဆိုကို အတည်ပြုခဲ့သည်။

အဆိုဖတ်ကြားတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့အား အစည်းအဝေး တစ်ရက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

အပေါ် ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်သည်။ ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် မွန်နှင့် လီဆူးတိုင်းရင်းသားများ တင်သွင်းသည့်အဆိုများမှအပ အခြားတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများကို ဝင်ရောက်ဆွေးနွေးဖူးကြောင်း တွေ့ရသည်။

ဗမာတိုင်းရင်းသားများတင်သွင်းသည့် အဆိုများကိုလည်း တိုင်းရင်းသားပေါင်းစုံ ဝင်ရောက်ဆွေးနွေးကြသည်။ ဗမာတိုင်းရင်းသားများပြီးလျှင် ကချင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများတွင်လည်း တိုင်းရင်းသား အစုံလင်ဆုံး ပါဝင်ဆွေးနွေးထားသည်ကို တွေ့ရသည်။

## ဒေသအလိုက် ဆက်စပ်လေ့လာခြင်း

အဆိုတင်သွင်းဆွေးနွေးသည့် ကိုယ်စားလှယ်များ၏ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြုမှုများကို ဆက်စပ်လေ့လာကြည့်သည့်အခါ အမြင့်ဆုံးတွေ့ရသည့် အဆက်အစပ်မှာ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုကို အမြင့်ဆုံးတွေ့ရပြီး ၄၇ ကြိမ်ရှိခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော် ကိုယ်စားလှယ်များတင်သွင်းသည့်အဆိုများကို အများဆုံး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုပေါင်း ၄၇၉ ကြိမ်တွင် ၁၆၁ ကြိမ်ဆွေးနွေးမှု ရှိခဲ့သည်။ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများကို မဆွေးနွေးဖူးသည့် တိုင်းဒေသကြီး၊ ပြည်နယ်မရှိပါ။ ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များသည် ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော အဆိုများကို ၂၂ ကြိမ်ဆွေးနွေးခဲ့သော်လည်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများအပေါ်တွင် လေးကြိမ်သာ ဝင်ရောက်ဆွေးနွေးဖူးခဲ့သည်။ သို့တိုင်အောင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များအကြား အပြန်အလှန် ဆွေးနွေးမှုမှာ အမြင့်ဆုံးအနေအထားတွင် ရှိသည်ဟု ဆိုနိုင်သည်။

ပြည်နယ် ၇ ခုမှ လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုမှာ ၁၀၄ ကြိမ်ရှိပြီး၊ တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များက ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုမှာ အကြိမ် ၇၀ သာ ရှိသည်။

# အခန်း (၄)
# အမျိုးသားလွှတ်တော် ပထမမှ ဆဋ္ဌမပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့် အဆိုများ အရေအတွက်အခြေပြု လေ့လာချက်

အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးထိကာလအတွင်း တင်သွင်းခဲ့သော အဆိုပေါင်း ၁၄၉ ခု ရှိခဲ့သည်။ ရက်ပေါင်း (၁၆၉) ရက်ကာလအတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှ အဆို ၀.၈၈ ခုသာ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ သို့သော် လွှတ်တော် အစည်းအဝေး တစ်ကြိမ်ချင်းစီတွင် နှိုင်းယှဉ်ပါက ဇယား (၄-၁) ပါအတိုင်း တွေ့ရှိရမည်။

ဇယား (၄-၁) အရ အဆိုတင်သွင်းမှုများကို အစည်းအဝေးခြောက်ကြိမ်အတွင်းတစ်ရက်ပျမ်းမျှ အဆိုတင်သွင်းမှုနှင့် နှိုင်းယှဉ်ကြည့်လျှင်အဆိုတင်သွင်းမှုအနည်းဆုံးကာလများသည် စတုတ္ထအကြိမ် နှင့် ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများ ကာလများဖြစ်သည်ကိုတွေ့ရသည်။ အဆိုတင်သွင်းမှု အများဆုံးအချိန်မှာ အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကာလဖြစ်ပြီး ဒုတိယအကြိမ်၊ တတိအကြိမ် အစည်းအဝေးများတွင် အစည်းအဝေး ခြောက်ကြိမ်အတွင်း ပျမ်းမျှပမာဏထက်ပိုသောအဆိုများကို တင်သွင်း နိုင်ခဲ့သည်။ တစ်ရက်အတွင်း အဆိုတင်သွင်းမှု အများဆုံးနှုန်းအဖြစ် အဆို (၁) ခုထက် ပိုတင်သွင်းခဲ့သည်မှာ အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးနှင့် ဒုတိယ ပုံမှန်အစည်းအဝေး

**ဇယား (၄.၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက်**

| ပုံမှန် အစည်း အဝေး အကြိမ် | တင်သွင်း ခဲ့သည့် အဆို အရေ အတွက် | အစည်း အဝေး ကျင်းပ ရက်ပေါင်း | တစ်ရက်ချင်း ပျမ်းမျှ အဆို အရေ အတွက် |
|---|---|---|---|
| ပထမ | ၁၆ | ၁၄ | ၁.၁၄ ↑ |
| ဒုတိယ | ၄၈ | ၄၇ | ၁.၀၂ ↑ |
| တတိယ | ၂၀ | ၂၁ | ၀.၉၅ ↑ |
| စတုတ္ထ | ၂၉ | ၄၀ | ၀.၇၂ ↓ |
| ပဉ္စမ | ၁၁ | ၁၅ | ၀.၇၃ ↓ |
| ဆဋ္ဌမ | ၂၅ | ၃၂ | ၀.၈၀ ↓ |
| စုစုပေါင်း | ၁၄၉ | ၁၆၉ | ၀.၈၈ |

ဖြစ်ကြောင်း တွေ့ရှိရသည်။ လွှတ်တော် နည်းဥပဒေ ၆၈ နည်းဥပဒေခွဲ (ဂ) အရ "သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး နေ့စဉ်အစီအစဉ်၌ အဆိုလေးခုထက် ပို၍ ထည့်သွင်းခြင်း မပြုရ" ဟု သတ်မှတ်ထားသည်ကို တွေ့ရသော်လည်း

လက်တွေ့တွင်မူ ထိုသတ်မှတ်ချက်နှုန်းကိုမပြည့်မီဟုဆို နိုင်မည်ဖြစ်သည်။

ထို့ပြင် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်ပေါင်း အဆို ၁၅၃ ခုရှိခဲ့သည်ဖြစ်ရာ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်ဦးရေ (၂၂၄) ဦး ပေါ်တွင် အခြေခံတွက်ချက်ပါက ထိုကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် ပျမ်းမျှအားဖြင့် အဆို ၀.၆၆ ခုသာတင်သွင်း နိုင်ခဲ့သည်ဟု ယူဆနိုင်သည်။ ပုံမှန်အစည်းအဝေးခြောက်ကြိမ်အတွင်း အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် (၅၆)ဦးရှိပြီး ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ကော်မတီ၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီနှင့် အမျိုးသား စီမံကိန်းရေးရာကော်မတီတို့မှ တင်သွင်းထားသည့် အဆို သုံးခု ရှိခဲ့သည်။ အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် များထဲတွင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၅၅) ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ပါဝင်သည်။ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးမှ အဆို (၁၀) ခုစီအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အဆိုငါး ခုနှင့်အထက်တင်သွင်းခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ် စားလှယ်များ၏စာရင်းနှင့်ယင်းတို့တင်သွင်းသည့် အဆိုအရေ အတွက်ကို လေ့လာနိုင်ရန် ဇယား (၄-၂) ဖြင့် ဖော်ပြထား ပါသည်။

**ဇယား (၄.၂) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် အဆိုငါးခုနှင့် အထက် တင်သွင်းခဲ့သည့်လွှတ်တော်ကိုယ်စားလှယ်များ**


| ကိုယ်စားလှယ် အမည်နှင့် ကိုယ်စားပြု မဲဆန္ဒနယ် | တင်သွင်းအဆို အရေအတွက် |
|---|---|
| ဦးပေါလျှံလွင် (ချင်းပြည်နယ်) မဲဆန္ဒနယ် အမှတ် (၉) | ၁၀ |
| ဦးမျိုးမြင့် (မန္တလေးတိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၆) | ၁၀ |
| ဒေါက်တာမြင့်ကြည် (ရန်ကုန်တိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၈) | ၉ |
| ဦးခင်မောင်ရီ (ဧရာဝတီတိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၆) | ၆ |
| ဒေါက်တာ မြတ်ဉာဏစိုး (ရန်ကုန်တိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၄) | ၆ |
| ဦးလှဆွေ (မကွေးတိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၁၂) | ၅ |
| ဦးမြင့်ထွန်း (ပဲခူးတိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၁၀) | ၅ |
| ဦးသိန်းဝင်း (စစ်ကိုင်းတိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၉) | ၅ |
| ဦးဖုန်းမြင့်အောင် (ရန်ကုန်တိုင်းဒေသကြီး) မဲဆန္ဒနယ် အမှတ် (၃) | ၅ |

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များတွင် ပထမ အကြိမ်မှ ဆဋ္ဌမအကြိမ် ကာလအတွင်း အဆို ၄ ခု တင်သွင်း ခဲ့သူ (၄) ဦး၊ အဆို ၃ ခု တင်သွင်းခဲ့သူ (၅) ဦး၊ အဆို ၂ ခု တင်သွင်းခဲ့သူ (၁၄) ဦးနှင့် အဆို ၁ ခု တင်သွင်းခဲ့သူ (၂၈) ဦးရှိခဲ့ပြီး အဆို ၃ ခုကိုကော်မတီ ၃ ခုမှ တင်သွင်းခဲ့သည်။ သို့ဖြစ် ရာ ရွေးကောက်တင်မြှောက်ခံရဖူးသည့် လွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးတွင် လွှတ်တော်တွင် အဆိုတင်သွင်း ခြင်း မတွေ့ရသည့် လွှတ်တော်ကိုယ်စားလှယ် (၁၀၈) ဦး ရှိခဲ့ပြီး၊ တပ်မတော်သား ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခန့် အပ်ခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးရှိရာလွှတ် တော်တွင်အဆိုတင်သွင်းခြင်းမတွေ့ရသည့် တပ်မတော် သား လွှတ်တော်ကိုယ်စားလှယ် (၅၅) ဦး ရှိခဲ့ကြောင်း တွေ့ ရသည်။ ထို့ကြောင့် အဆိုတင်သွင်းခြင်းမတွေ့ရသည့် အမျိုး သားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၆၄) ဦး ရှိနေသည်ကိုတွေ့ရသည်။

## ၄.၁.၁။ အမျိုးသားလွှတ်တော်အတွင်း တင်သွင်းခဲ့သည့် အဆိုများကို နှိုင်းယှဉ်လေ့လာမှုများ

အမျိုးသားလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် များ တင်သွင်းခဲ့သော အဆိုများကို လေ့လာရာတွင် အဆို တင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်၏ ကျား-မဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ ကိုယ်စားပြုနိုင်ငံရေးပါတီ၊ ကိုယ်စား ပြုဒေသတို့ကို လေ့လာသလို တစ်ဖက်မှလည်း အဆိုများ၏ ရည်ရွယ်ချက်၊ ဆက်စပ်အကြောင်းအရာကဏ္ဍ၊ အဆိုအပေါ် အဆုံးအဖြတ်တို့ကိုလည်း လေ့လာပါသည်။ လွှတ်တော် ၏ လုပ်ငန်းဆောင်တာများဖြစ်သော မေးခွန်း၊ အဆိုနှင့် ဥပဒေပြုခြင်းတို့အနက် မေးခွန်းသည် အရိုးရှင်းဆုံး လုပ်ငန်း ဆောင်တာ တစ်ရပ် ဖြစ်ပါသည်။ မေးခွန်းတွင် မေးမြန်းသူ နှင့် ဖြေကြားတုန့်ပြန်သူဟုသာ ရှိသော်လည်း အဆိုတွင်မူ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဝင်ရောက်ဆွေးနွေးနိုင် သည့် အခွင့်အလမ်းလည်း ရှိနေသည်ဖြစ်ရာ အဆိုများကို

လေ့လာရာတွင် အဆိုတစ်ခုချင်းကို မည်သည့်လွှတ်တော် ကိုယ်စားလှယ်များက ဝင်ရောက်ဆွေးနွေးကြသည်ကို လည်း လေ့လာရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ ဤအစီရင် ခံစာတွင် ပါဝင်ဆွေးနွေးမှုများကိုပါ အရေအတွက် ကောက် ယူဖော်ပြထားပါသည်။ ထို့ပြင် အထက်တွင်ဖော်ပြခဲ့သည့် လေ့လာမှုများအား အပြန်အလှန်စပ်ဆက်၍ ချိတ်ဆက် ဖော်ပြထားသည်ကိုပါ ဆက်လက်တွေ့မြင်ရမည် ဖြစ်သည်။




ပုံ (၄-၁) **အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုတင်သွင်းမှု**

## ၄.၁.၁။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မဖြစ်မှုကို လေ့လာခြင်း


အမျိုးသားလွှတ်တော် အစည်းအဝေး ခြောက်ကြိမ် တွင် တင်သွင်းခဲ့သည့် အဆို ၁၅၃ ခု ရှိသည့်အနက် (ပြည် သူတို့၏တိုင်ကြားစာနှင့် အသနားခံစာ ကော်မတီမှ တင်သွင်း ထားသည့် အဆိုတစ်ခုကို ချန်လှပ်လျှင်) အမျိုးသားများ၏ အဆို ၁၄၆ ခုရှိခဲ့ပြီး၊ အမျိုးသမီးများ တင်သွင်းခဲ့သည့်အဆို ၆ ခု ရှိခဲ့သည်။ အမျိုးသားများနှင့် အမျိုးသမီးများ၏ အဆိုတင် သွင်းမှုသည် အချိုးအစားအရ ၁၀၀း၄ ဖြစ်နေခဲ့သည်။ လွှတ်တော်တွင်း အမျိုးသမီးလွှတ်တော်အမတ်များ၏ ကိုယ် စားပြုမှုမှာ ၃.၉ ရာခိုင်နှုန်း ဖြစ်သည့်အတွက် အဆိုအရေ အတွက် နည်းပါးသည့်တိုင် ယေဘုယျအားဖြင့် လွှတ်တော် ကိုယ်စားလှယ်(အမျိုးသမီး)များ၏ အဆိုတင်သွင်းမှုနှုန်း သည် လွှတ်တော်ကိုယ်စားလှယ် (အမျိုးသား)များ၏ အဆို တင်သွင်းမှုနှုန်းနှင့် နှိုင်းစာလျှင် ကွာဟမှုမရှိသည်ကို တွေ့ရ သည်။

ထို့အတူ အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်း အဝေး၊ စတုတ္ထပုံမှန်အစည်းအဝေး၊ ပဉ္စမပုံမှန်အစည်း အဝေး အတွင်းတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် များ၏ အဆိုတင်သွင်းမှုများကို မတွေ့ခဲ့ရချေ။ ဒုတိယ ပုံမှန် အစည်းအဝေးကာလတွင် အမျိုးသမီးလွှတ်တော် ကိုယ်စား လှယ်များက အဆို ၄ ခု တင်သွင်းခဲ့ပြီး အစည်းအဝေးခြောက် ကြိမ်တွင် အများဆုံး အဆိုတင်သွင်းနိုင်ခဲ့ခြင်းလည်း ဖြစ် သည်။ အမျိုးသားလွှတ်တော် အမျိုးသမီး ကိုယ်စားလှယ်များ သည် တတိယပုံမှန်အစည်းအဝေးအတွင်း အဆို ၁ ခု၊ ဆဋ္ဌမပုံမှန်အစည်းအဝေးအတွင်း အဆို ၁ ခုစီ တင်သွင်း ခဲ့သည်။

## ၄.၁.၂။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း

အမျိုးသားလွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့်အဆို ၁၄၉ ခုတွင် တင်သွင်းသူအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာပါက ဗမာတိုင်းရင်းသားများက အဆို ၉၇ ခုဖြင့် အဆိုအများဆုံး တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ယင်းအဆို ၉၇ ခုထဲတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ အဆိုတစ်ခုကိုပါ ထည့်သွင်းရေတွက်ထားပြီး ဖြစ်သည်။ ဒုတိယအဆိုအများဆုံးတင်သွင်းခဲ့သည်မှာ ချင်းတိုင်းရင်းသား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပြီး အဆို ၂၂ ခုထိ ရှိခဲ့သည်။ အဆို ၁၀ ခုဖြင့် တတိယအများဆုံး အဆိုတင်သွင်းခဲ့သည်မှာ ရခိုင်တိုင်းရင်းသားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သည်။

လွှတ်တော်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုစုစုပေါင်း ၁၄၉ ခုရှိသည့်အနက် ၉၇ ခုကို ဗမာတိုင်းရင်းသားများက တင်သွင်းခဲ့ခြင်းဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် အဆိုအားလုံး၏ ၆၄ ရာခိုင်နှုန်း ရှိခဲ့သည်။ အဆိုတင်သွင်းမှု ဒုတိယအများဆုံး ဖြစ်သည့် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများမှာ ရာခိုင်နှုန်းအားဖြင့် အဆိုအားလုံး၏ ၁၄.၈ ရာခိုင်နှုန်း ဖြစ်သည်။ ဗမာတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများကြား အဆိုတင်သွင်းမှု ကြီးမားစွာ ကွာခြားလျက်ရှိသည်ကို တွေ့ရသည်။




ပုံ (၄-၂) **အမျိုးသားလွှတ်တော်တွင် တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု**

## ၄.၁.၃။ အမျိုးသားလွှတ်တော်တွင် အဆို တင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြု နိုင်ငံရေးပါတီကို လေ့လာခြင်း

အမျိုးသားလွှတ်တော်အတွင်း ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီ ၁၆ ခုရှိရာ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် အဆိုတင်သွင်းခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီ ၁၀ ခုရှိကြောင်း အောက်ပါ ဇယား (၄.၄) အတိုင်း တွေ့ရသည်။ ဇယားထဲတွင် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့သော အဆိုများ၏ အရေအတွက်ကို နှိုင်းယှဉ်ကြည့်နိုင်မည် ဖြစ်သည်။

ပုံမှန်အစည်းအဝေး ၆ ကြိမ် (လွှတ်တော် အစည်းအဝေးကျင်းပရက် စုစုပေါင်း ၁၆၉ ရက်တွင်) တပ်မတော်သားလွှတ်တော် ကိုယ်စား လှယ်တစ်ဦးက အဆိုတစ်ခုတင်သွင်းခဲ့ကြောင်း တွေ့ရှိရသည်။ထို့အတူ ပြည်သူတို့၏ တိုင်ကြားစာ ကော်မတီ၊ သတ္တုနှင့် သယံဇာတ ရေးရာကော်မတီနှင့် အမျိုးသား စီမံကိန်းရေးရာကော်မတီမှလည်း အဆိုလေးခု တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

အဆိုအများဆုံး တင်သွင်းထားသည့် USDP သည် ပထမနှင့်ဒုတိယပုံမှန်အစည်းအဝေးများတွင်အဆိုတင်သွင်းမှု မရှိကြောင်း တွေ့ရသည်။ ပထမ ပုံမှန်အစည်းအဝေးတွင် အဆို ၁၆ ခုတင်သွင်းခဲ့ရာထိုအထဲမှ ၁၃ ခုကို CPP ပါတီ တစ်ခုတည်းမှ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော် ပုံမှန်အစည်းဝေး ခြောက်ကြိမ်လုံးတွင် အဆိုတင်သွင်းခဲ့သည့်ပါတီမရှိကြောင်း တွေ့ရသည်။ RNDP ပါတီသည် ပထမပုံမှန်အစည်းဝေးမှအပ ကျန်ပုံမှန်အစည်းအဝေး ငါး

**ဇယား (၄.၃ ) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပါတီအလိုက် အဆိုတင်သွင်းမှု**


| | ပထမပုံမှန် အစည်းအဝေး | ဒုတိယပုံမှန် အစည်းအဝေး | တတိယပုံမှန် အစည်းအဝေး | စတုတ္ထပုံမှန် အစည်းအဝေး | ပဉ္စမပုံမှန် အစည်းအဝေး | ဆဋ္ဌမပုံမှန် အစည်းအဝေး | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| USDP | ၀ | ၀ | ၁၆ | ၂၀ | ၇ | ၁၆ | ၅၉ |
| CPP | ၁၃ | ၀ | ၀ | ၀ | ၀ | ၂ | ၁၅ |
| NDF | ၀ | ၃ | ၃ | ၂ | ၀ | ၁ | ၉ |
| RNDP | ၀ | ၁ | ၁ | ၃ | ၂ | ၁ | ၈ |
| CNP | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၄ |
| PNOP | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၃ |
| UDP | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၃ |
| SNDP | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| KPP | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| AMRDP | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| NNDP | ၀ | ၃ | ၀ | ၁ | ၀ | ၁ | ၅ |
| တပ်မတော်သား | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ကော်မတီ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၃ |
| စုစုပေါင်း | ၁၆ | ၄၈ | ၂၀ | ၂၉ | ၁၁ | ၂၅ | ၁၄၉ |

ကြိမ်တွင် အဆိုများတင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်တည်းသာ အဆိုတင်သွင်းမှု ပြုလုပ်ဖူးသည့် ပါတီများမှာ SNDP ပါတီ၊ KPP ပါတီ၊ AMRDP ပါတီနှင့် PNOP ပါတီတို့ဖြစ်သည်။ USDP ပါတီသည် အဆိုစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းကို တင်သွင်းထားပြီး USDP ပါတီ၏ အဆိုတင်သွင်းမှုနှုန်းနှင့် အဆိုဒုတိယအများဆုံးတင်သွင်းထားသည့် CPP ပါတီ၏ အဆိုတင်သွင်းမှုနှုန်းမှာ ခြောက်ဆ တစ်ဆ ကွာခြားကြောင်းတွေ့ရသည်။ ကျန် ၈ ပါတီပေါင်း၏အဆိုတင်သွင်းမှု ရာခိုင်နှုန်းမှာ ၂၂.၂ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရသည်။

## ၄.၁.၄။ အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသများကို လေ့လာခြင်း

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုကို နှိုင်းယှဉ်ကြည့်ပါက ရန်ကုန်တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုတင်သွင်းမှု အများဆုံးဖြစ်ခဲ့ပြီး ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်လွှတ်တော် အစည်းအဝေးများတွင် စုစုပေါင်း အဆို ၃၃ ခု တင်သွင်းခဲ့သည်။ ဒုတိယ အဆိုအများဆုံး တင်သွင်းခဲ့သည်မှာ အဆို ၂၂ ခု တင်သွင်းခဲ့သည့် ချင်းပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ တတိယအများဆုံးအဖြစ် အဆို ၁၇ ခု တင်သွင်းခြင်းကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ပြုလုပ်ခဲ့သည်။ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ စုစုပေါင်းအဆို ၁၀ ခုထိ တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးသား လွှတ်တော်အတွင်း ကိုယ်စားလှယ်ရရှိမှုအချိုးအစားကို ယင်းတို့တင်သွင်းခဲ့သည့်အဆိုအရေအတွက်၊အဆိုအချိုးအစားတို့နှင့် နှိုင်းယှဉ်ဖော်ပြထား သည်ကို တွေ့ရမည် ဖြစ်သည်။ ထိုသို့ အမျိုးသားလွှတ်တော်အတွင်းကိုယ်စားလှယ်အချိုးအစားကို ဖော်ပြရာတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် နှုတ်ထွက်ခြင်းတို့ကြောင့် ကိုယ်စားလှယ် လစ်လပ်နေသည်များကို ထည့်သွင်းတွက်ချက်ရမည် ဖြစ်သော်လည်း အမြဲမပြတ် ပြောင်းလဲနိုင်ခြေရှိသောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မဲဆန္ဒနယ် ၁၆၈ နေရာကိုသာအခြေခံ၍တွက်ချက်ထားပါသည်။တပ်မတော်သား




ပုံ (၄-၃) အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် အဆိုတင်သွင်းမှု

ကိုယ်စားလှယ် ၅၆ ဦးသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်ခြင်းဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ကိုယ်စားပြုသည်ဟု မယူဆသဖြင့် ကိုယ်စားပြုဒေသများ နှိုင်းယှဉ်တွက်ချက်ရာတွင် ယင်းတို့အား ထည့်သွင်းရေတွက်၍ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၂၄ ဦးဟု ယူဆတွက်ချက်ခြင်း မပြုပါ။ ထို့ပြင် အစည်းအဝေးမှတ်တမ်းအတွင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းခဲ့သည့် အဆိုတစ်ခုလည်း ရှိသေးသည်ဖြစ်ရာ အဆိုပါ အဆိုတစ်ခုနှင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ကော်မတီ၊ သတ္တုနှင့် သယံဇာတရေးရာ ကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာ ကော်မတီတို့မှ တင်သွင်းခဲ့သည့် အဆိုလေးခု ပေါင်းလိုက်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့မှ ကိုယ်စားပြုတင်သွင်းခဲ့သောအဆို ၁၄၄ ခုကို တွေ့ရမည် ဖြစ်သည်။

ထိုဇယားကို လေ့လာလျှင် ရန်ကုန်တိုင်းဒေသကြီးမှ အဆို ၂၂.၂၁ ရာခိုင်နှုန်းကိုလည်းကောင်း၊ ချင်းပြည်နယ်မှ အဆို ၁၀.၁၉ ရာခိုင်နှုန်းကိုလည်းကောင်း၊ ချင်းပြည်နယ်မှ အဆို ၁၄.၈ ရာခိုင်နှုန်းကိုလည်းကောင်း ယင်းတို့၏ လွှတ်တော်ကိုယ်စားလှယ် ကိုယ်စားပြုမှု အချိုးအစားထက် ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရသည်။ မန္တလေးတိုင်းဒေသကြီးကဲ့သို့ လွှတ်တော်ကိုယ်စားလှယ် ကိုယ်စားပြုမှု အချိုးအစားနီးပါး အဆို ၁၂ ရာခိုင်နှုန်း တင်သွင်းနိုင်ခဲ့သော်လည်း ကျန်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အဆိုတင်သွင်းနိုင်မှု ရာခိုင်နှုန်းသည် ကိုယ်စားပြုမှု အချိုးအစားထက် နည်းပါးနေခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့သော်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်တိုင်တိုင် အဆိုတင်သွင်းခဲ့ခြင်း လုံးဝမရှိသည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများကို မတွေ့ရပေ။

## ၄.၁.၅။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအား လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှုကို လေ့လာခြင်း

အမျိုးသားလွှတ်တော်တွင် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ် အထိတင်သွင်းခဲ့သော အဆို ၁၄၉ ခုအနက် အဆို ၁၂၄ ကို လွှတ်တော်ကိုယ်စားလှယ် ၁၃၃ ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ အခြားဆွေးနွေးခြင်း မပြုခဲ့သော အဆိုများမှာ လွှတ်တော်မှ ဆွေးနွေးရန် လက်မခံခဲ့သော အဆိုများနှင့် ဆွေးနွေးရန် သဘောတူ လက်ခံထားသော်လည်း ဆဋ္ဌမအကြိမ် ပြီးဆုံးသည်အထိ ဆွေးနွေးရန် ကျန်ရှိနေသေးသော အဆိုများဖြစ်သည်။ (ဆွေးနွေးရန်အတွက် အဆိုများကို လက်ခံခြင်း၊ ပယ်ချခြင်းတို့နှင့် ပတ်သက်ပြီး အခန်းခွဲငယ် ၄.၁.၈ တွင် လေ့လာနိုင်ပါသည်) ထို့ကြောင့် အဆိုတစ်ခုလျှင် ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ ၀.၉၃ ဦး ရှိသည်ကို တွေ့ရသည်။ အဆိုတစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဝန်းကျင်သာ ယေဘုယျအားဖြင့် ဝင်ရောက်ဆွေးနွေးသည့် သဘောပင်ဖြစ်သည်။

အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များ၏ဝင်ရောက်ဆွေးနွေးမှုအား လေ့လာကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဗညားအောင်မိုးတို့က အများဆုံးဝင်ရောက်ဆွေးနွေးထားနိုင်

**ဇယား (၄.၄) လွှတ်တော်ခြောက်ကြိမ်အတွင်း အဆို ဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များ**

| ကိုယ်စားလှယ် အမည်နှင့် ကိုယ်စားပြု မဲဆန္ဒနယ် | ဆွေးနွေးမှု အကြိမ် |
|---|---|
| ဒေါ်ခင်ဝိုင်းကြည်၊ မဲဆန္ဒနယ် အမှတ် ၁ (ရန်ကုန်တိုင်းဒေသကြီး) | ၂၇ |
| ဒေါက်တာဗညားအောင်မိုး၊ မဲဆန္ဒနယ် အမှတ် ၇ (မွန်ပြည်နယ်) | ၂၅ |
| ဒေါက်တာမြင့်ကြည်၊ မဲဆန္ဒနယ်အမှတ် ၈ (ရန်ကုန်တိုင်းဒေသကြီး) | ၂၀ |
| ဦးဇုန်လှယ်ထန်း၊ မဲဆန္ဒနယ်အမှတ် ၂ (ချင်းပြည်နယ်) | ၁၉ |
| ဦးခင်မောင်ရီ၊ မဲဆန္ဒနယ်အမှတ် ၆ (ဧရာဝတီတိုင်းဒေသကြီး) | ၁၅ |
| ဦးအုန်းတင်၊ မဲဆန္ဒနယ်အမှတ် ၁၀ (ရခိုင်ပြည်နယ်) | ၁၅ |
| ဦးလှဆွေ၊ မဲဆန္ဒနယ်အမှတ် ၇ (မကွေးတိုင်းဒေသကြီး) | ၁၅ |
| ဒေါက်တာမြတ်ဉာဏစိုး၊ မဲဆန္ဒနယ်အမှတ် ၄ (ရန်ကုန်တိုင်းဒေသကြီး) | ၁၄ |
| ဦးစောထွန်းမြအောင်၊ မဲဆန္ဒနယ်အမှတ် ၅ (ကရင်ပြည်နယ်) | ၁၄ |

သည်ကို တွေ့ရပြီး ၂၄ ကြိမ်စီ ဝင်ရောက်ဆွေးနွေးထားသည်။ အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်အတွင်း အဆိုဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ် စာရင်းကို ဇယား (၄.၄) တွင် ကြည့်နိုင်ပါသည်။

အမျိုးသားလွှတ်တော်တွင် ပထမခြောက်ကြိမ်အတွင်း အဆိုဆွေးနွေးသည့် အကြိမ်အရေအတွက် ၆၃၄ ကြိမ်တွင် ၆၀၃ ကြိမ်ကို လွှတ်တော်ကိုယ်စားလှယ် အမျိုးသားများက

**ဇယား (၄.၅) အမျိုးသားလွှတ်တော်ပထမခြောက်ကြိမ်တွင် တိုင်းရင်းသားအလိုက် အဆိုဆွေးနွေးမှု**

| တိုင်းရင်းသား | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|
| ဗမာ | ၃၂၆ |
| ချင်း | ၅၉ |
| ရခိုင် | ၅၅ |
| ရှမ်း | ၄၂ |
| ကရင် | ၄၀ |
| မွန် | ၃၀ |
| ကချင် | ၂၃ |
| လီဆူး | ၁၂ |
| ဝ | ၁၀ |
| ပအိုဝ် | ၉ |
| ကယား | ၈ |
| ဓနု | ၆ |
| ပလောင် | ၅ |
| ချင်း-ရှမ်း | ၄ |
| နာဂ | ၃ |
| ယင်းတလဲ | ၁ |

ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး၊ ဆွေးနွေးမှု စုစုပေါင်း၏ ၉၅.၁ ရာခိုင်နှုန်းရှိခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်အမျိုးသမီးများ၏ ဆွေးနွေးမှုမှာ ၂၈ ကြိမ်ရှိပြီး ၄.၉ ရာခိုင်နှုန်းရှိခဲ့သည်။ သို့သော် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းမှာ ၁.၈ ရာခိုင်နှုန်းသာရှိသဖြင့်၊ ဆွေးနွေးနိုင်မှု ရာခိုင်နှုန်းမှာ ပါဝင်မှုရာခိုင်နှုန်းထက် သုံးဆနီးပါး မြင့်မားနေကြောင်း တွေ့ရသည်။

အမျိုးသားလွှတ်တော်တွင် အဆိုအများဆုံး ဆွေးနွေးထားသည့် တိုင်းရင်းသားများမှာ ဗမာတိုင်းရင်းသားများ

| | |
|---|---|
| ဦးစိုင်းသန့်ဇင်၊ မဲဆန္ဒနယ်အမှတ် ၅ (ရှမ်းပြည်နယ်) | ၁၃ |
| ဒေါက်တာခင်ရွှေ၊ မဲဆန္ဒနယ်အမှတ် ၉ (ရန်ကုန်တိုင်းဒေသကြီး) | ၁၃ |
| ဦးစံပြည့်၊ မဲဆန္ဒနယ်အမှတ် ၇ (ကချင်ပြည်နယ်) | ၁၃ |
| ဦးခက်ထိန်နန်၊ မဲဆန္ဒနယ်အမှတ် ၁ (ကချင်ပြည်နယ်) | ၁၂ |
| ဦးဂျေယောဂူ၊ မဲဆန္ဒနယ်အမှတ် ၁၂ (ကချင်ပြည်နယ်) | ၁၂ |
| ဒေါက်တာတင်ရွှေ၊ မဲဆန္ဒနယ်အမှတ် ၆ (ရန်ကုန်တိုင်းဒေသကြီး) | ၁၂ |
| ဒေါက်တာအေးမောင်၊ မဲဆန္ဒနယ်အမှတ် ၁ (ရခိုင်ပြည်နယ်) | ၁၂ |

**ဇယား (၄.၆) အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်တွင် ပါတီအလိုက် အဆိုဆွေးနွေးမှု။**

| ပါတီ | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|
| USDP | ၃၁၁ |
| NDF | ၅၈ |
| RNDP | ၄၁ |
| AMRDP | ၂၇ |
| CPP | ၂၇ |
| SNDP | ၂၆ |
| NUP | ၂၁ |
| UDP | ၁၂ |
| NLD | ၁၀ |
| WDP | ၉ |
| PNOP | ၉ |
| WDP | ၉ |
| CNP | ၆ |
| PSDP | ၅ |
| TPNP | ၅ |
| KPP | ၄ |
| KSDDP | ၁ |

ဖြစ်ပြီး ချင်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များက ဒုတိယအများဆုံး ဆွေးနွေးထားသည်။ သို့သော် အများဆုံး ဆွေးနွေးထားသည့် ဗမာတိုင်းရင်းသားများနှင့် ဒုတိယ အများဆုံးဆွေးနွေးထားသည့် ချင်းတိုင်းရင်းသားများ၏ ဆွေးနွေးမှုအချိုးမှာ ခြောက်ဆ တစ်ဆ နီးပါးခြားမှုရှိသဖြင့်၊ ဗမာတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ခြောက်ကြိမ် ဆွေးနွေးလျှင် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ တစ်ကြိမ်သာဆွေးနွေးနိုင်ကြောင်း တွေ့ရသည်။

အဆိုများအပေါ် ပါတီအလိုက် ဝင်ရောက်ဆွေးနွေးမှုတွင် USDP သည် အကြိမ်ရေ ၃၃၁ ဆွေးနွေးထားပြီး အမြင့်ဆုံး ဖြစ်သည်။ NDF သည် ၆၄ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ၊ RNDP သည် ၄၆ ကြိမ်ဖြင့် တတိယဆွေးနွေးမှု အများဆုံးပါတီဖြစ်ကြောင်း တွေ့ရသည်။ ပါတီ ၁၇ ခုမှ ဝင်ရောက်ဆွေးနွေးမှု အနေအထားကို ဇယား (၄.၅) တွင် ဖော်ပြထားသည်။ အများဆုံး ဆွေးနွေးနိုင်သည့် ပါတီနှင့် ဒုတိယအများဆုံး ဆွေးနွေးနိုင်သည့် ပါတီအကြား အချိုးမှာ ငါးဆ တစ်ဆမက ကွာခြားသည်ကို တွေ့ရမည် ဖြစ်သည်။


ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းဒေသကြီး/ပြည်နယ်ကို လေ့လာကြည့်သည့်အခါ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုဆွေးနွေးမှုမှာ ၁၁၉ ကြိမ် (၁၈.၈ ရာခိုင်နှုန်း) ဖြင့် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပြီး၊ ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက ၆၀ (၉.၅ ရာခိုင်နှုန်း)

**ဇယား (၄.၇) အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်တွင် ကိုယ်စားပြုဒေသအလိုက် အဆိုဆွေးနွေးမှု**

| ဒေသ | မဲဆန္ဒနယ် အရေအတွက် | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|---|
| ရန်ကုန် | ၁၂ | ၃၃ |
| ရှမ်း | ၁၂ | ၂၂ |
| စစ်ကိုင်း | ၁၂ | ၁၇ |
| မန္တလေး | ၁၂ | ၁၀ |
| ရခိုင် | ၁၂ | ၁၀ |
| ကချင် | ၁၂ | ၉ |
| ပဲခူး | ၁၂ | ၇ |
| မကွေး | ၁၂ | ၇ |
| ဧရာဝတီ | ၁၂ | ၇ |
| ချင်း | ၁၂ | ၆ |
| မွန် | ၁၂ | ၆ |
| ကရင် | ၁၂ | ၃ |
| တနင်္သာရီ | ၁၂ | ၄ |
| ကယား | ၁၂ | ၃ |

ဖြင့် ဒုတိယအများဆုံး ဝင်ရောက်ဆွေးနွေးထားသည်။ အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မဲဆန္ဒနယ်အရေအတွက်မှာ ၁၂ ခုစီသာရှိသည်။

## ၄.၁.၆။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ အကြောင်းအရာ/ကဏ္ဍများကို လေ့လာခြင်း




ပုံ (၄-၄) အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းမှုအများဆုံး အကြောင်းအရာများ

©OMI Graphics

ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်းအဆိုများကိုအကြောင်းအရာအလိုက် ခွဲခြားကြည့်ပါက အများဆုံးအဖြစ် ပညာရေးနှင့်ပတ်သက်သည့်အဆို ၂၆ ခု တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဒုတိယအများဆုံး အဆိုတင်သွင်းကြသည့် အကြောင်းအရာ/ကဏ္ဍမှာ လူမှုအထောက်အပံ့ဆိုင်ရာ အဆို ၂၄ ခုဖြစ်ပြီး အခြေခံဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ အဆို စုစုပေါင်း ၁၄ ခုတင်သွင်းခဲ့သည်။ ဥပဒေပြုရေးနှင့် ပတ်သက်သည့် အဆိုပေါင်း ၁၃ ခု ရှိခဲ့ကာ စတုတ္ထအများဆုံး အဆိုတင်သွင်းမှုအဖြစ် တွေ့ရသည်။ အများဆုံး အဆိုတင်သွင်းသည့် အကြောင်းအရာသုံးခုဖြစ်သော ပညာရေးဆိုင်ရာအဆိုများ၊ လူမှုအထောက်အပံ့ဆိုင်ရာ အဆိုများနှင့် အခြေခံဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သော အဆိုများကို ပုံမှန်အစည်းအဝေး အကြိမ်တိုင်းတွင် တင်သွင်းမှုရှိခဲ့သည်။ ဥပဒေပြုရေးဆိုင်ရာ အဆိုများကိုမူ ပထမပုံမှန် အစည်းအဝေးကာလများနှင့် ဆဋ္ဌမပုံမှန် အစည်းအဝေးကာလများအတွင်း တင်သွင်းခြင်း မရှိခဲ့ချေ။ ကျန်အကြောင်းအရာကဏ္ဍများနှင့်ပတ်သက်လျှင် ပုံမှန်အစည်းအဝေးတိုင်းတွင် တင်သွင်းခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။

အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကာလအတွင်း အဆိုတင်သွင်းမှုများတွင် အကြောင်းအရာအားဖြင့် ၁၈ ခုထိ အများဆုံး စုံလင်ခဲ့သည်ကို တွေ့ရသည်။ စတုတ္ထ ပုံမှန်အစည်းအဝေးများအတွင်း အကြောင်းအရာ ၁၅ မျိုးစီ၊ ဆဋ္ဌမ ပုံမှန်အစည်းအဝေးများအတွင်း အကြောင်းအရာ ၁၄ မျိုးစီ စုံလင်စွာ တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ တတိယပုံမှန်အစည်းအဝေးကာလများအတွင်း အကြောင်းအရာအားဖြင့် ၇ ခုကိုသာကိုယ်စားပြုနိုင်ခဲ့ပြီး၊ ပထမပုံမှန်အစည်းအဝေးများနှင့် ပဉ္စမပုံမှန်အစည်းအဝေး ကာလများအတွင်း အကြောင်းအရာအားဖြင့် ၆ ခုစီ ကိုသာ လွှမ်းခြုံနိုင်သည့် အဆိုများကိုသာ တင်သွင်းခဲ့ကြသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာအဆို ၁ ခုကို ဒုတိယပုံမှန်အစည်းအဝေးများအတွင်း တစ်ကြိမ်သာ တင်သွင်းခဲ့ပြီး နောက်ထပ်ပုံမှန်အစည်းအဝေးများတွင် တင်သွင်းမှု မပြုတော့ကြောင်း တွေ့ရသည်။ အလားတူပင် အလုပ်သမားများနှင့် သက်ဆိုင်သောအဆိုများ၊ တိုင်းရင်းသားရေးရာနှင့်သက်ဆိုင်သောအဆိုများ၊စွမ်းအင်ဆိုင်ရာအဆိုများ၊ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အဆိုများ ကိုလည်း အစည်းအဝေးတစ်ကြိမ်စီသာ တင်သွင်းယူပြီး ကျန်ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့ခြင်း မရှိကြောင်း တွေ့ရသည်။

## ၄.၁.၇။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ ရည်ရွယ်ချက်များကို လေ့လာခြင်း

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆို ၁၄၉ ခုရှိရာတွင် ၁၃၆ ခုသည် အစိုးရကို စိစစ်ထိန်းကျောင်းရန် ရည်ရွယ်သော အဆိုများဖြစ်သည်။ ယင်းမှာ အဆိုအားလုံး၏ ၉၁.၃ ရာခိုင်နှုန်းဖြစ်သည်။ ဥပဒေပြုရေး ရည်ရွယ်ချက်ဖြင့် တင်သွင်းသော အဆိုများ ၄ ခုရှိခဲ့သည့်အတွက် ၂.၇ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ ကျန်အဆိုများမှာ ကိုယ်စားပြုရေးကို ရည်ရွယ်သည့် အဆို ၈ ခု (၅.၄) ရာခိုင်နှုန်းဖြစ်သည်။ ဥပဒေပြုရေး နှင့် ကိုယ်စားပြုရေးကို ရည်ရွယ်

**ဇယား (၄.၈) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှုပြဇယား**


| ရည်ရွယ်ချက် | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | ပေါင်း |
|---|---|---|---|---|---|---|---|
| ဥပဒေပြုခြင်း | ၀ | ၄ | ၁ | ၀ | ၀ | ၀ | ၅ |
| အစိုးရကို စိစစ်ထိန်းကျောင်းခြင်း | ၁၂ | ၄၃ | ၁၈ | ၂၉ | ၁၁ | ၂၃ | ၁၃၆ |
| ကိုယ်စားပြုခြင်း | ၄ | ၁ | ၁ | ၀ | ၀ | ၂ | ၈ |
| စုစုပေါင်း | ၁၆ | ၄၈ | ၂၀ | ၂၉ | ၁၁ | ၂၅ | ၁၃၆ |

သည့် အဆိုများကို စတုတ္ထအကြိမ်နှင့် ပဥ္စမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့ခြင်း မတွေ့ခဲ့ရပေ။ စတုတ္ထပုံမှန်အစည်းအဝေးကာလတွင် အဆို ၂၉ ခု နှင့် ပဥ္စမပုံမှန် အစည်းအဝေးကာလတွင် အဆို ၁၁ ခုတို့တင်သွင်းခဲ့ရာတွင်အဆိုအားလုံးသည် အစိုးရကို စိစစ် ထိန်းကျောင်းရန် ရည်ရွယ်သည့် အဆိုများဖြစ်နေသည်ကို ဇယား (၄.၇)တွင် တွေ့ရှိနိုင်သည်။

## ၄.၁.၈။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်များကို လေ့လာခြင်း

အမျိုးသားလွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သော အဆို ၁၄၉ ခုအပေါ် လွှတ်တော်၏ အဆုံးအဖြတ်များကို အရေ အတွက်အရ ချဉ်းကပ်လေ့လာလျှင် ပုံ (၄.၅) ပါအတိုင်း တွေ့မြင်ရမည်ဖြစ်သည်။

တင်သွင်းခဲ့သောအဆိုများ၏ ၅၇ ရာခိုင်နှုန်းသည် အတည်ပြုခြင်းခံခဲ့ရသည်။ ကျန်အဆိုများကမူ ဆွေးနွေးရန် လက်မခံခဲ့သည့် အဆို ၇ ခု၊ ပြည်လည်ရုတ်သိမ်းသွား သည့် အဆို ၁၁ ခု၊ မှတ်တမ်းတင်ထားသည် အဆို ၂၁ ခု၊ အတည်မပြုခဲ့သည့်အဆို ၁၉ ခုနှင့် ဆွေးနွေးရန် သဘောတူ ထားသော်လည်း ဆဋ္ဌမပုံမှန်လွှတ်တော်အစည်း အဝေးများ ပြီးဆုံးသည့် တိုင်ဆွေးနွေးခြင်းမတွေ့ရတော့သည့် အဆို ၆ ခု တို့ ဖြစ်သည်။ ပုံ (၄.၅) တွင် တွေ့မြင်ရသည့် အတိုင်း အတည်ပြုခြင်းခံရသည့် အဆို ၇၅ ခုတွင် ၆၄ ခုကို USDP မှ လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းခဲ့ကြောင်း တွေ့ရနိုင်သည်။ အဆိုအတည်ပြုခြင်းခံရသည့် အခြား ပါတီ များထဲတွင် NDF ပါတီမှ အဆို ၅ ခု၊ UDP ပါတီ၊ PNOP ပါတီ၊ RNDP ပါတီနှင့် CPP ပါတီတို့မှ အဆို ၂ ခုစီတို့ ပါဝင်သည်။ SNDP ပါတီနှင့် CNP ပါတီတို့ လည်း အဆိုတစ်ခုစီ အတည်ပြု ခံခဲ့ရပြီး၊ တပ်မတော်သား ကိုယ်စားလှယ်များ တင်သွင်းခဲ့ သည့် အဆိုတစ်ခုနှင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနား ခံစာကော်မတီ၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာ ကော်မတီတို့မှ တင်သွင်းခဲ့သည့် အဆိုလေးခုတို့သည်လည်း အတည်ပြုခြင်း ခံခဲ့ရသည်။




ပုံ (၄-၅) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏အဆုံးအဖြတ်

အစည်းအဝေးခြောက်ကြိမ်အတွင်း ဆွေးနွေးရန် လက် မခံသည့်အဆို ၁၈ ခုရှိရာ ပုံမှန်အစည်းအဝေးများအတွင်း ဆွေးနွေးရန် လက်မခံသည့်အဆိုများ ရှိခဲ့သော်လည်း ပဥ္စမ ပုံမှန်အစည်းအဝေးများအတွင်း ဆွေးနွေးရန် လက်မခံသည့် အဆိုလုံးဝမရှိခဲ့သည်ကို တွေ့ရသည်။ အဆိုတင်သွင်းသည့် ပါတီများအနက် USDP ပါတီမှ အဆို ၃ ခု၊ NDF ပါတီမှ ၄ ခု၊ RNDP ပါတီ၊ CPP ပါတီ၊ CNP ပါတီနှင့် PNOP တို့မှ အဆို ၁ ခုစီတို့သည် အတည်မဖြစ်ခဲ့ချေ။ ပဥ္စမပုံမှန်အစည်း အဝေး အတွင်း အတည်မဖြစ်သည့် အဆိုများမရှိကြောင်းကိုလည်း တွေ့ရသည်။

အဆိုကိုဆွေးနွေးရန် သဘောတူထားခဲ့သော်လည်း ဆဋ္ဌမပုံမှန်အစည်းအဝေးများ ပြီးဆုံးသည်အထိ ပြန်လည် ဆွေးနွေးခြင်း မတွေ့ရတော့သည့် အဆို (၆) ခုရှိရာ ၃ ခု ကို USDP ပါတီမှ တင်သွင်း ခဲ့ခြင်းဖြစ်ပြီး RNDP ပါတီ NDF ပါတီနှင့် CPP ပါတီတို့မှတင်သွင်းခဲ့သော အဆိုတစ်ခုစီသည် လည်း ဆဋ္ဌမပုံမှန်အစည်းအဝေးများ ပြီးဆုံးသည်အထိ ပြန်လည်ဆွေးနွေးခြင်း မတွေ့ရပေ။

## ၄.၁.၉။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများနှင့် ပတ်သက်၍ ဆက်စပ်လေ့လာခြင်း

အမျိုးသားလွှတ်တော် ပထမခြောက်ကြိမ်အတွင်း ဆွေးနွေးခဲ့သည့် အဆိုများကို ပါတီ ၁၀ ခုမှ တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ပါတီ ၁၆ ခုမှ ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးခဲ့သည်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဝင်ရောက်ဆွေးနွေးခဲ့သည်။

ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဝင်ရောက်ဆွေးနွေးမှုကို လေ့လာကြည့်ရာ USDP ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှုမရှိသည့် အဆိုမရှိကြောင်း တွေ့ရသည်။ ထို့အတူ USDP မှတင်သွင်းသည့်အဆိုများကိုလည်းအဆိုများတွင်ဝင်ရောက်ဆွေးနွေးဖူးသည့် အခြားပါတီများ အားလုံးက ဝင်ရောက်ဆွေးနွေးဖူးကြောင်း တွေ့ရှိရသည်။ ထို့အပြင် USDP မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများကို USDP လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် ဝင်ရောက်ဆွေးနွေးမှု ၂၄၆ ကြိမ်ရှိခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် USDP မှတင်သွင်းသည့် အဆိုတစ်ခုလျှင် USDP လွှတ်တော်ကိုယ်စားလှယ် နှစ်ယောက်ထက်မနည်း ဝင်ရောက်ဆွေးနွေးလေ့ရှိကြောင်း တွေ့ရသည်။ အခြားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များက USDP လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများကို ဝင်ရောက် ဆွေးနွေးမှုကိုကြည့်လျှင် NDF မှ ဝင်ရောက်ဆွေးနွေးမှု အများဆုံးဖြစ်ပြီး ၄၅ ကြိမ်အထိ ရှိခဲ့သည်။ သို့သော် USDP တစ်ပါတီတည်းမှ လွှတ်တော်အမတ်များ၏ ဝင်ရောက်ဆွေးနွေးမှုနှင့် နှိုင်းစာသော် ငါးဆခန့်ကွာခြားကြောင်း တွေ့ရှိရသည်။ USDP သည် လွှတ်တော်တွင်း နေရာအများ ဆုံးရရှိထားသည့် ပါတီဖြစ်သည့်အလျောက် အခြားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းသည့်အဆိုများတွင်ပင်လျှင်အဆိုတင်သွင်းသူ၏ ပါတီမှ ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှုထက်ပင် ပိုမို ဆွေးနွေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ အဆိုတင်သွင်းမှု ဒုတိယအများဆုံး CPP မှ တင်သွင်းသော အဆိုများတွင် USDP မှ ၁၁ ကြိမ် ဝင်ရောက် ဆွေးနွေးခဲ့သည်။ CPP ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ပင်လျှင် ၎င်းအဆိုများတွင် သုံးကြိမ်သာ ဆွေးနွေးနိုင်ခဲ့သည်။ NDF မှတင်သွင်းသော အဆိုများတွင်မူ USDP က ၂၁ ကြိမ်ဝင်ရောက် ဆွေးနွေးခဲ့သည်။ သို့သော် NDF တစ်ပါတီတည်းမှ လွှတ်တော်ကိုယ်စားလှယ်များက ခြောက်ကြိမ်သာ ဆွေးနွေးနိုင်ခဲ့သည်။ USDP ပြီးလျှင် အမျိုး သားလွှတ်တော်၌ အဆိုဆွေးနွေးမှု အများဆုံးဖြစ်သည့် NDF ပါတီသည်လည်း SNDP နှင့် AMRDP တို့မှ တင်သွင်းသော အဆိုများမှအပ အခြားပါတီများမှ တင်သွင်းသော အဆိုများ အားလုံးကို ဝင်ရောက်ဆွေးနွေးထားကြောင်း တွေ့ရသည်။

**ဇယား (၄.၉) ။ ကိုယ်စားပြုပါတီတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု**

| ပါတီ | တင်သွင်းအဆို အရေအတွက် | ပါတီတူ လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးသည့် အကြိမ်ရေ |
|---|---|---|
| USDP | ၉၅ | ၂၄၆ |
| CPP | ၁၅ | ၃ |
| NDF | ၁၄ | ၄ |
| RNDP | ၈ | ၀ |
| CNP | ၄ | ၀ |
| UDP | ၃ | ၀ |
| PNOP | ၃ | ၀ |
| AMRDP | ၁ | ၂ |
| KPP | ၁ | ၀ |
| SNDP | ၁ | ၀ |
| NNDP | ၅ | ၀ |

အဆိုဆွေးနွေးမှုအများစုမှာ USDP မှတင်သွင်းသော အဆိုများကို ဆွေးနွေးကြခြင်းဖြစ်ပြီး ဆွေးနွေးသည့်အကြိမ် ၆၃၄ ကြိမ်အနက် ၄၄၇ ကြိမ်မှာ USDP မှတင်သွင်းသော အဆိုများကို ဆွေးနွေးကြခြင်းဖြစ်သည်။ USDP သည် အဆိုအားလုံး၏ ၆၅ ရာခိုင်နှုန်းကို တင်သွင်းထားခြင်းဖြစ်သည့် ပါတီဖြစ်သည်။

ပါတီတစ်ခုနှင့် တစ်ခု အပြန်အလှန်ဆွေးနွေးမှုတွင် USDP နှင့် NDF တို့အကြား အမြင့်မားဆုံးရှိခဲ့ကြောင်း တွေ့ရပြီး၊ USDP က NDF ၏ အဆိုများတွင် ဝင်ရောက်ဆွေးနွေးမှု ၂၀ ကြိမ်ရှိကာ၊ NDF က USDP အဆိုများတွင် ဝင်ရောက်ဆွေးနွေးမှု ၃၈ ကြိမ်ရှိကြောင်း တွေ့ရသည်။

အဆို ၁၂၄ ကို ဝင်ရောက်ဆွေးနွေးသည့် တပ်မတော်သားကိုယ်စားလှယ်မှာ ၂၂ ဦးရှိပြီး၊ အဆိုတင်သွင်းသူ

တစ်ဦး ရှိခဲ့သည်။ တပ်မတော်သား ကိုယ်စားလှယ်များသည် USDP မှကိုယ်စားလှယ်များ တင်သွင်းသောအဆိုများအပေါ် ၁၈ ကြိမ်ဆွေးနွေးပြီး၊ UDP လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသော အဆိုကို သုံးကြိမ်ဆွေးနွေးခဲ့သည်။ အခြားတစ်ခုမှာ တပ်မတော်သား ကိုယ်စားလှယ်တစ်ဦး တင်သွင်းသော အဆိုတစ်ခုကို ဆွေးနွေးခြင်းဖြစ်သည်။

ပါတီများ အကြောင်းအရာအလိုက် အဆိုဆွေးနွေးမှုကို လေ့လာကြည့်သည့်အခါ USDP သည် အကြောင်းအရာ အများဆုံး အဆိုတင်သွင်းနိုင်သည့် ပါတီဖြစ်ကြောင်း တွေ့ရပြီး၊ အများဆုံးဆွေးနွေးထားသည့် အကြောင်းအရာများမှာ လူမှုရေးအထောက်အပံ့ (၆၆ ကြိမ်)၊ ပညာရေး (၄၉ ကြိမ်)၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး (၄၂ ကြိမ်) တို့ဖြစ်သည်။ အကြောင်းအရာတစ်မျိုးတည်းကို ဆယ်ကြိမ်နှင့်အထက် ဆွေးနွေးနိုင်ခဲ့သည့် အခြားပါတီတစ်ခုသာရှိခဲ့ပြီး ပညာရေးနှင့် ပတ်သက်ပြီး ၁၄ ကြိမ်ဝင်ရောက်ဆွေးနွေးထားသည့် NDF ပါတီဖြစ်သည်။ ပါတီအားလုံး စုစုပေါင်း အဆိုဆွေးနွေးမှုတွင် လူမှုရေးအထောက်အပံ့နှင့် ပတ်သက်ပြီး ဆွေးနွေးမှုအများဆုံးဖြစ်ကြောင်း တွေ့ရကာ ၁၀၄ ကြိမ်ဆွေးနွေးထားသည်။

## တိုင်းရင်းသားဖြစ်မှုအလိုက် ဆက်စပ်လေ့လာခြင်း

အဆိုများကို ဆွေးနွေးမှုတွင် အဆိုတင်သွင်းသူ၏ တိုင်းရင်းသားဖြစ်မှုနှင့် အဆိုဆွေးနွေးသူ၏ တိုင်းရင်းသားဖြစ်မှုကို ဆက်စပ်လေ့လာကြည့်သည့်အခါ လွှတ်တော်တွင်း အများစုဖြစ်သည့် ဗမာတိုင်းရင်းသားများ ဆွေးနွေးမှုမှာ ၃၂၆ ကြိမ်ဖြင့် အမြင့်ဆုံးဖြစ်ကြောင်းတွေ့ရသည်။ ထိုအထဲမှ ၂၃၇ ကြိမ်မှာ ဗမာတိုင်းရင်းသားများ တင်သွင်းသည့် အဆိုများအပေါ် ဆွေးနွေးမှုဖြစ်သည်။ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် အခြားတိုင်းရင်းသားအားလုံးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများတွင် ဝင်ရောက်ဆွေးနွေးဖူးကြောင်းလည်း တွေ့ရသည်။ စုစုပေါင်း ဆွေးနွေးသည့် အကြိမ်ရေ ၆၃၄ ကြိမ်ရှိသည့်အတွက် ဗမာတိုင်းရင်းသားများနှင့် အခြား တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး စုစုပေါင်း ဆွေးနွေးမှုမှာ နှစ်ဆ တစ်ဆမက ကွာခြားကြောင်း တွေ့ရသည်။ ဝင်ရောက်ဆွေးနွေးမှုတွင် ချင်းတိုင်းရင်းသားများသည် ၅၉ ကြိမ်ဖြင့် ဒုတိယ အများဆုံးဖြစ်သည်။ ထိုအထဲမှ ဗမာတိုင်းရင်းသားများတင်သွင်းသည့် အဆိုများအပေါ် အများဆုံး ဝင်ရောက်ဆွေးနွေးခြင်းဖြစ်ပြီး ၂၇ ကြိမ် ဆွေးနွေးထားခြင်း ဖြစ်သည်။ ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် မွန်နှင့် ဓနုတိုင်းရင်းသားများ တင်သွင်းသည့် အဆိုများမှအပ အခြားတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများကို ဝင်ရောက်ဆွေးနွေးဖူးကြောင်း တွေ့ရသည်။

ဗမာတိုင်းရင်းသားများ တင်သွင်းသည့် အဆိုများကိုလည်း ယင်းတလဲ့နှင့် နာဂတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များမှလွဲလျှင် တိုင်းရင်းသားပေါင်းစုံ ဝင်ရောက်

### တပ်မတော်သားကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု

လွှတ်တော်သုံးရပ် အစည်းအဝေးများ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိတွင် ပြည်သူ့လွှတ်တော် တပ်မတော်သား ကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့ အဆိုတင်သွင်းခဲ့ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် တပ်မတော် သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး စိုးဟိန်းနောင်သည် မြန်မာစာရေးထုံးများနှင့် ပက်သက်၍ ထိန်းသိမ်းကြပ်မတ်ပေးနိုင်ပါရန် အဆိုတင်သွင်းခဲ့သည်။ ယင်းအဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း (ပဲခူးတိုင်း မဲဆန္ဒနယ် အမှတ်-၁)၊ ဦးဝင်းမော် (မန္တလေးတိုင်း မဲဆန္ဒနယ် အမှတ်-၂)၊ ဦးမန်းကံညွှန့် (ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်-၂)၊ ဒေါက်တာ မြတ်ဉာဏ်ဇာစိုး (ရန်ကုန်တိုင်းမဲဆန္ဒနယ် အမှတ်-၄)၊ ဦးသန်းဆွေ (တနင်္သာရီတိုင်း မဲဆန္ဒနယ် အမှတ်-၂)တို့မှ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးနန္ဒအေးမှလည်း ဝင်ရောက်ဆွေးနွေးခဲ့သည် ။ ထိုအဆိုကို ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရန် ရောက်ရှိလာသော်လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မှ ထိုအဆိုသည် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနှင့် သက်ဆိုင်သောအဆိုမဟုတ်ဟုဆိုကာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌသာလျှင် ယင်းအဆိုအား ဝင်ရောက် ဖြေဆိုထောက်ခံ၍ အတည်ပြုခဲ့သည်။

အဆိုဖတ်ကြားတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့အား အစည်းအဝေး တစ်ရက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ဆွေးနွေးထားကြသည်။

**ဒေသအလိုက် ဆက်စပ်လေ့လာခြင်း**

အဆိုတင်သွင်းဆွေးနွေးသည့် ကိုယ်စားလှယ်များ၏ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြုမှုများကို ဆက်စပ် လေ့လာကြည့်သည့်အခါ အမြင့်ဆုံးတွေ့ရသည့် အဆက် အစပ်မှာ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စား လှယ်များက တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးမှ လွှတ် တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုကို အမြင့်ဆုံး တွေ့ ရပြီး ၄၁ ကြိမ်ရှိခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ် တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများကို အများ ဆုံး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုပေါင်း ၆၃၄ ကြိမ်တွင် ၁၁၉ ကြိမ်ဆွေးနွေးမှု ရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီး မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများ ကို မဆွေးနွေးဖူးသည့် တိုင်းဒေသကြီး၊ ပြည်နယ်မရှိပါ။ ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များသည် ရန်ကုန် တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်း သော အဆိုများကို ၁၃ ကြိမ်ဆွေးနွေးခဲ့ဖူးပြီး ရန်ကုန်တိုင်း ဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည် နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆို များအပေါ်တွင် ခုနစ်ကြိမ် ဝင်ရောက်ဆွေးနွေးဖူးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ လွှတ်တော် ကိုယ်စားလှယ်များအကြား အပြန်အလှန် ဆွေးနွေးမှုမှာ အမြင့်ဆုံးအနေအထားတွင် ရှိသည်ဟု ဆိုနိုင်သည်။

ပြည်နယ်ခုနစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ တင် သွင်းသည့် အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုမှာ ၁၆၅ ကြိမ်ရှိပြီး၊ တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ် များက ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုမှာ ၇ ကြိမ် ရှိသည်။

**ဥပဒေကြမ်းအဖြစ် တင်သွင်းရန် ဆုံးဖြတ်ခံရသည့်အဆို**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ် (၁)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်တင်သွင်းသည့် "တိုင်း ရင်းသားရေးရာဝန်ကြီးများအား အခြေခံဥပဒေတွင်ပြဋ္ဌာန်း သည့်အတိုင်း တိုင်းဒေသကြီးများအား အခြေခံဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်း တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးများ ခံစားခွင့်များအတိုင်း တစ်ပြေးညီရှိစေရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လက်ခံဆွေးနွေး ရန်သင့်မသင့် လွှတ်တော်တွင်အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအနေဖြင့် ဆွေးနွေး ရန်ထက် ဥပဒေကြမ်းကော်မတီ၏ အကူအညီရယူပြီး ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းအနေဖြင့် တင် သွင်းရန်ဆုံးဖြတ်ခဲ့သည်ကို တွေ့ရသည်။


# အခန်း (၅)
# ပြည်ထောင်စုလွှတ်တော် ပထမမှ ဆဋ္ဌမပုံမှန်အစည်းအဝေးများအတွင်း တင်သွင်းခဲ့သည့် အဆိုများအရေအတွက်အခြေပြု လေ့လာချက်

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်တွင် ခြောက်ကြိမ် အတွင်း စုစုပေါင်း အဆိုတင်သွင်းမှု ၃၈ ကြိမ်ရှိခဲ့သည်။ ထို့ ကြောင့် ပျမ်းမျှအားဖြင့် တစ်ကြိမ်လျှင် အဆိုခြောက်ကြိမ် တင်သွင်းသည်ဟု ဆိုနိုင်သည်။ ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း လွှတ်တော်ကျင်းပသည့်ရက်ပေါင်း ၉၈ ရက် ရှိခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင် အဆိုတင်သွင်းမှုမှာ အစည်းအဝေးကျင်းပသည့် သုံးရက်တွင် အဆိုတစ်ကြိမ်နှုန်းတင်သွင်းကြောင်း တွေ့ရသည်။ သို့သော် ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းမှု မရှိခဲ့သည်ကို တွေ့ရသည်။ ပုံမှန်အစည်းအဝေးအလိုက် အဆိုတင်သွင်းမှုကို ဇယား (၅.၁) တွင် ဖော်ပြထားသည်။

အဆို ၃၈ ခုကို လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦးက တင် သွင်းထားခြင်းဖြစ်သည်။ အဆိုအများဆုံးတင်သွင်းထားသည့် လွှတ်တော် ကိုယ်စားလှယ်များမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး (လေးကြိမ်)၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီ (သုံးကြိမ်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း (နှစ်ကြိမ်)၊ သီပေါ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း (နှစ်ကြိမ်)နှင့် ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး (နှစ်ကြိမ်) တို့ဖြစ်သည်။ ကျန်သည့်လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးက အဆိုတစ်ခုစီ တင်သွင်းထားကြောင်း တွေ့ရသည်။

**ဇယား (၅.၁) ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက်**

| ပုံမှန် အစည်း အဝေး အကြိမ် | တင်သွင်း ခဲ့သည့် အဆို အရေ အတွက် | အစည်း အဝေး ကျင်းပ ရက်ပေါင်း | တစ်ရက်ချင်း ပျမ်းမျှ အဆို အရေ အတွက် |
|---|---|---|---|
| ပထမ | ၉ | ၁၈ | ၀.၅ ↑ |
| ဒုတိယ | ၂ | ၆ | ၀.၃ ↓ |
| တတိယ | ၈ | ၂၉ | ၀.၂၇ ↓ |
| စတုတ္ထ | ၃ | ၁၃ | ၀.၂ ↓ |
| ပဉ္စမ | ၀ | ၉ | ၀ ↓ |
| ဆဋ္ဌမ | ၁၆ | ၂၃ | ၀.၆၉ ↑ |
| စုစုပေါင်း | ၃၈ | ၉၈ | ၀.၃၉ |




ပုံ (၅-၁) **ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်အတွင်း အဆိုတင်သွင်းမှု**

## ၅.၁.၁။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆိုများကို ပါတီအလိုက်လေ့လာခြင်း

ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆို ၂၇ ခု (၇၁ ရာခိုင်နှုန်း) ကို USDP မှတင်သွင်းထားခြင်း ဖြစ်ပြီး NDF က ခြောက်ကြိမ် (၁၃.၂ ရာခိုင်နှုန်း) နှင့် SNDP က သုံးကြိမ် (၇.၉ ရာခိုင်နှုန်း) တင်သွင်းထားကြောင်း တွေ့ရသည်။ AMRDP၊ RNDP နှင့် PNOP တို့က အဆို တစ်ကြိမ်စီ တင်သွင်းထားကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် USDP သည် အခွန်ကောက်ခံရေးနှင့် ပတ်သက်ပြီး ၁၁ ကြိမ်အဆိုတင်သွင်းခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် အခွန်ကောက်ခံရေးနှင့် ပတ်သက်ပြီး အဆိုတင်သွင်းမှု အများဆုံးဖြစ်ပြီး အဆို ၁၄ ခုရှိခဲ့သည်။ ဒုတိယအဆိုတင်သွင်းမှု အများဆုံး အကြောင်းအရာမှာ ဘဏ္ဍာရေးနှင့် ပတ်သက်သည့် အကြောင်းအရာဖြစ်ပြီး ရှစ်ကြိမ် အဆိုတင်သွင်းမှု ရှိခဲ့သည်။

USDP ၏ အဆို ၂၇ ခုသည် အကြောင်းအရာ ၁၀ ခုနှင့် ပတ်သက်ပြီး တင်သွင်းခဲ့သော အဆိုများဖြစ်ပြီး၊ NDF သည် အဆိုငါးခုတင်သွင်းရာ အကြောင်းအရာတစ်မျိုးစီ ဖြန့်ကျက် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ပြည်ထောင်စုလွှတ်တော်တွင် အဆိုများတင်သွင်းရာ၌ မည်သည့်ပါတီကမှ ကိုယ်စားပြုရေး၊ ဥပဒေပြုရေးနှင့် ပတ်သက်သည့် အဆိုများကို တင်သွင်းခြင်း မရှိခဲ့ကြောင်း တွေ့ရသည်။ အဆိုများအားလုံးသည် အစိုးရကို ထိန်းကျောင်း တည့်မတ်ပေးရေးနှင့် စပ်လျဉ်းသည့် အဆိုများဖြစ်သည်။

## ၅.၂.၁။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်အလိုက် လေ့လာခြင်း

အစည်းအဝေး ခြောက်ကြိမ်ကာလအတွင်း အဆို ၁၀ ခုကိုသာ ဆွေးနွေးထားရသေးကာ အဆိုတစ်ခုကိုသာ အတည်ပြုနိုင်ခဲ့ကြောင်းတွေ့ရသည်။ စတုတ္ထပုံမှန် အစည်းအဝေးတွင် ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ်တင်သွင်းသည့် မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်သည့်အဆိုဖြစ်သည်။ အတည်မပြုခဲ့သည့် အဆိုတစ်ခုရှိပြီး ယင်းအဆိုမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ တင်သွင်းသည့်အဆိုဖြစ်သည်။ ဆွေးနွေးရန် လက်မခံခဲ့သည့် အဆိုလည်း တစ်ခုရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ အဆိုဖြစ်သည်။ လွှတ်တော်မှ မှတ်တမ်းတင်ခြင်းခံရသည့် အဆို ခြောက်ခုရှိသည်။ အဆိုရှင်မှ ပြန်လည်ရုတ်သိမ်းခဲ့သည့် အဆိုလေးခု ရှိခဲ့ပြီး လေးခုလုံးမှာ SNDP မှတင်သွင်းသော အဆိုများဖြစ်သည်။

## ၅.၃.၀။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအား လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုကို လေ့လာခြင်း

ပြည်ထောင်စုလွှတ်တော်တွင် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိတင်သွင်းခဲ့သော အဆို ၃၈ ခုအနက် အဆို ၁၀ ကို လွှတ်တော်ကိုယ်စားလှယ် ၈၉ ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ အခြားဆွေးနွေးခြင်း မပြုခဲ့သော အဆိုများမှာ လွှတ်တော်မှ ဆွေးနွေးရန် လက်မခံခဲ့သော အဆိုများနှင့် ဆွေးနွေးရန် သဘောတူ လက်ခံထားသော်လည်း ဆဋ္ဌမအကြိမ် ပြီးဆုံးသည်အထိ ဆွေးနွေးရန် ကျန်ရှိနေသေးသော အဆိုများဖြစ်သည်။ ထို့ကြောင့် အဆိုတစ်ခုလျှင် ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ ပျမ်းမျှအားဖြင့် ကိုးဦး ရှိသည်ကို တွေ့ရသည်။

အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဝင်ရောက်ဆွေးနွေးမှုအား လေ့လာကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်၊ ဖားအံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာနှင့် မိုးနဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်

**ဇယား (၅.၃) ပြည်ထောင်စုလွှတ်တော်ပထမ ခြောက်ကြိမ်တွင် တိုင်းရင်းသားအလိုက် အဆိုဆွေးနွေးမှု**

| တိုင်းရင်းသား | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|
| ဗမာ | ၆၉ |
| ရခိုင် | ၁၄ |
| ရှမ်း | ၁၀ |
| ကရင် | ၄ |
| မွန် | ၄ |
| ဝ | ၂ |
| ချင်း | ၂ |
| ပအို့ဝ် | ၁ |
| ကယား | ၁ |
| ကချင် | ၁ |
| လီဆူး | ၁ |

*(မှတ်ချက်။ အဆိုတင်သွင်းသည့် ကိုယ်စားလှယ်နှစ်ဦး၏ တိုင်းရင်းသားဖြစ်မှုကို မသိရှိရပါ။)*

**ဇယား (၅.၂) ပြည်ထောင်စုလွှတ်တော် ခြောက်ကြိမ်အတွင်း အဆိုဆွေးနွေးမှုအများဆုံး ကိုယ်စားလှယ်များ**

| ကိုယ်စားလှယ် အမည်နှင့် ကိုယ်စားပြုမဲဆန္ဒနယ် | တင်သွင်းအဆို အရေအတွက် |
|---|---|
| ဒေါ်ခင်ဝိုင်းကြည် မဲဆန္ဒနယ် အမှတ် ၁ (ရန်ကုန်တိုင်းဒေသကြီး) | ၃ |
| ဒေါ်နန်းစေအွာ ဖားအံ (ကရင်ပြည်နယ်) | ၃ |
| ဦးစိုင်းကျော်မြင့် မိုးနဲ (ရှမ်းပြည်နယ်) | ၃ |

မြင့်တို့က အများဆုံး ဝင်ရောက်ဆွေးနွေးထားကြောင်း တွေ့ရပြီး၊ အဆိုသုံးခုစီကို ဝင်ရောက် ဆွေးနွေးခဲ့ကြသည်။ နှစ်ကြိမ်စီ ဝင်ရောက်ဆွေးနွေးထားသော လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးရှိခဲ့ပြီး၊ တစ်ကြိမ်စီ ဝင်ရောက်ဆွေးနွေးထားသော လွှတ်တော်ကိုယ်စားလှယ် ၇၁ ဦး ရှိခဲ့သည်။ ပြည်ထောင်စုလွှတ်တော် ပထမခြောက်ကြိမ်အတွင်း အဆိုဆွေးနွေးမှုအများဆုံး လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဇယား (၅. ၂) တွင် ကြည့်နိုင်ပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် ပထမခြောက်ကြိမ်အတွင်း အဆိုဆွေးနွေးသည့် အကြိမ်အရေအတွက် ၁၁၁ ကြိမ် အနက် ၉၃ ကြိမ်ကို လွှတ်တော်ကိုယ်စားလှယ် အမျိုးသားများက ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး၊ ဆွေးနွေးမှု စုစုပေါင်း၏ ၈၃.၈ ရာခိုင်နှုန်းရှိခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးများ၏ ဆွေးနွေးမှုမှာ ၁၆ ကြိမ်ရှိပြီး ၁၄.၄ ရာခိုင်နှုန်းရှိခဲ့သည်။


ပြည်ထောင်စုလွှတ်တော်တွင် အဆိုအများဆုံး ဆွေးနွေးထားသည့် တိုင်းရင်းသားများမှာ ဗမာတိုင်းရင်းသားများဖြစ်ပြီး ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယအများဆုံး ဆွေးနွေးထားသည်။ သို့သော် အများဆုံး ဆွေးနွေးထားသည့် ဗမာတိုင်းရင်းသားများနှင့် ဒုတိယအများဆုံးဆွေးနွေးထားသည့် ရှမ်းတိုင်းရင်းသားများ၏ ဆွေးနွေးမှု အချိုးမှာ ငါးဆ တစ်ဆ နီးပါးကွာခြားမှု ရှိသဖြင့်၊ ဗမာတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ငါးကြိမ်ဆွေးနွေးမှသာ ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ တစ်ကြိမ်သာဆွေးနွေးနိုင်ကြောင်းတွေ့ရသည်။

အဆိုများအပေါ် ပါတီအလိုက် ဝင်ရောက်ဆွေးနွေးမှုတွင် USDP သည် အကြိမ်ရေ ၅၈ ဆွေးနွေးထားပြီး အမြင့်ဆုံးဖြစ်သည်။ NDF သည် ၁၀ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ၊ SNDP သည် ၉ ကြိမ်ဖြင့် တတိယဆွေးနွေးမှုအများဆုံးပါတီဖြစ်ကြောင်း တွေ့ရသည်။ ပါတီ ၁၃ ခုမှ ဝင်ရောက်ဆွေးနွေးမှု အနေအထားကို ဇယား (၅.၄) တွင် ဖော်ပြထားသည်။ ပထမအများဆုံး ဆွေးနွေးနိုင်သည့် ပါတီနှင့် ဒုတိယအများဆုံး ဆွေးနွေးနိုင်သည့် ပါတီအကြားအချိုးမှာ ခြောက်ဆ တစ်ဆနီးပါး ကွာခြားသည်ကို တွေ့ရမည်ဖြစ်သည်။

ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာကြည့်သည့်အခါ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုဆွေးနွေးမှုမှာ ၂၃ ကြိမ် (၂၀.၇ ရာခိုင်နှုန်း) ဖြင့် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပြီး၊ ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက အကြိမ် ၁၇ (၁၅.၃ ရာခိုင်နှုန်း) ဖြင့် ဒုတိယအများဆုံး ဝင်ရောက်ဆွေးနွေးထားသည်။ တိုင်းဒေသကြီးအလိုက် လွှတ်တော်ကိုယ်စားလှယ်ခွဲဝေမှုတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှာ ပြည်ထောင်စုလွှတ်တော်တွင်း လွှတ်တော်အမတ်ဦးရေအများဆုံးရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ဖြစ်သည်။

**ဇယား (၅.၄) အမျိုးသားလွှတ်တော် ပထမ ခြောက်ကြိမ်တွင် ပါတီအလိုက် အဆိုဆွေးနွေးမှု**

| ပါတီ | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|
| USDP | ၅၈ |
| NDF | ၁၀ |
| SNDP | ၉ |
| NLD | ၆ |
| RNDP | ၆ |
| NUP | ၅ |
| PDP | ၃ |
| MDP | ၃ |
| CPP | ၂ |
| AMRDP | ၁ |
| CNP | ၁ |
| UDP | ၁ |
| WDP | ၁ |
| PNOP | ၁ |




ပုံ (၅-၂)

ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှု

**ဇယား (၅.၅) ပြည်ထောင်စုလွှတ်တော် ပထမခြောက်ကြိမ်တွင် ကိုယ်စားပြုဒေသအလိုက် အဆိုဆွေးနွေးမှု**


| ဒေသ | မဲဆန္ဒနယ် အရေအတွက် | ဆွေးနွေးသည့် အကြိမ်အရေအတွက် |
|---|---|---|
| ရန်ကုန် | ၅၇ | ၂၃ |
| ရှမ်း | ၆၇ | ၁၇ |
| စစ်ကိုင်း | ၄၉ | ၅ |
| မန္တလေး | ၄၈ | ၁၃ |
| ရခိုင် | ၂၉ | ၁၀ |
| ကချင် | ၃၀ | ၃ |
| ပဲခူး | ၄၀ | ၆ |
| မကွေး | ၃၇ | ၆ |
| ဧရာဝတီ | ၃၈ | ၈ |
| ချင်း | ၂၁ | ၃ |
| မွန် | ၂၂ | ၄ |
| ကရင် | ၁၉ | ၄ |
| တနင်္သာရီ | ၃၂ | ၃ |
| ကယား | ၁၉ | ၂ |

## ၅.၄.၁။ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းသော အဆိုများဆိုင်ရာ အချက်အလက်များကို ဆက်စပ်လေ့လာခြင်း

ပြည်ထောင်စုလွှတ်တော် ပထမခြောက်ကြိမ်အတွင်း ဆွေးနွေးခဲ့သည့် အဆိုများကို ပါတီလေးခုမှ တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ပါတီ ၁၄ ခုမှ ကိုယ်စားလှယ်များ၀င်ရောက်ဆွေးနွေးခဲ့သည်။ AMRDP နှင့် PNOP တို့မှ တင်သွင်းသော အဆိုများမှာ ဆွေးနွေးခံရခြင်း မရှိကြောင်း တွေ့ရသည်။

ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ၀င်ရောက်ဆွေးနွေးမှုကို လေ့လာကြည့်ရာ USDP ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ၀င်ရောက်ဆွေးနွေးမှု မရှိသည့် အဆိုမရှိကြောင်း တွေ့ရသည်။ ထို့အတူ USDP မှ တင်သွင်းသည့် အဆိုများကိုလည်း အခြားပါတီများအားလုံးက ၀င်ရောက်ဆွေးနွေးဖူးကြောင်း တွေ့ရှိရသည်။ ထို့အပြင် USDP မှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆို ၂၁ ခုကို USDP လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ၀င်ရောက်ဆွေးနွေးမှု ၄၅ ကြိမ်ရှိခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် USDP မှတင်သွင်းသည့် အဆိုတစ်ခုလျှင် USDP လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကျော် ၀င်ဆွေးနွေးလေ့ရှိကြောင်း တွေ့ရသည်။ အခြားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များက USDP လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများကို ၀င်ရောက်ဆွေးနွေးမှုကို ကြည့်လျှင် SNDP ပါတီမှ ၀င်ရောက်ဆွေးနွေးမှု အများဆုံးဖြစ်ပြီး ခုနစ်ကြိမ်အထိ ရှိခဲ့သည်။ သို့သော် USDP တစ်ပါတီတည်းမှ လွှတ်တော်အမတ်များ၏ ၀င်ရောက်ဆွေးနွေးမှုနှင့် နှိုင်းစာသော် ခြောက်ဆ တစ်ဆ ကွာခြားကြောင်း တွေ့ရှိရသည်။ USDP သည် လွှတ်တော်တွင်း နေရာအများဆုံးရရှိထားသည့် ပါတီဖြစ်သည့်အလျောက် အခြားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းသည့် အဆိုများတွင်ပင်လျှင် အဆိုတင်သွင်းသူ၏ ပါတီမှ ကိုယ်စားလှယ်များ ၀င်ရောက်ဆွေးနွေးမှုထက် ပိုမို ဆွေးနွေးနိုင်ခဲ့ကြောင်း တွေ့ရသည်။

ပါတီတစ်ခုနှင့် တစ်ခု အပြန်အလှန်ဆွေးနွေးမှုတွင် USDP နှင့် SNDP တို့အကြား အမြင့်မားဆုံးရှိခဲ့ကြောင်း တွေ့ရပြီး၊ USDP က NDF ၏ အဆိုများတွင် ၀င်ရောက်ဆွေးနွေးမှု ခုနစ်ကြိမ်ရှိကာ၊ SNDP က USDP အဆိုများတွင် ၀င်ရောက်




ပုံ (၅-၃) **ပြည်ထောင်စုလွှတ်တော်တွင် အဆိုတင်သွင်းသည့် အကြောင်းအရာများ**

©OMI Graphics

ဆွေးနွေးမှုမှာလည်း ခုနစ်ကြိမ်ရှိကြောင်း တွေ့ရသည်။

ပါတီများအကြား အဆိုများကို အပြန်အလှန်ဆွေးနွေးမှုများရှိခဲ့သော်လည်း NDF မှတင်သွင်းသော အဆိုများကို USDP မှလွဲ၍ အခြားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှု မရှိခဲ့ကြောင်း တွေ့ရသည်။

အဆို ၈၀ ကို ဝင်ရောက်ဆွေးနွေးသည့် တပ်မတော်သားကိုယ်စားလှယ်မှာ သုံးဦးရှိပြီး၊ ဗိုလ်မှူးကြီး အောင်သီလ၊ ဗိုလ်မှူးကြီး လှထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးတို့ဖြစ်သည်။ သုံးဦးလုံး ဝင်ရောက်ဆွေးနွေးသည့် အဆိုမှာ ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆွေးနွေးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် စပ်လျဉ်းသည့် အဆိုဖြစ်သည်။

ပါတီများ အကြောင်းအရာအလိုက် အဆိုဆွေးနွေးမှုကို လေ့လာကြည့်သည့်အခါ USDP သည် အကြောင်းအရာအများဆုံး အဆိုတင်သွင်းနိုင်သည့် ပါတီဖြစ်ကြောင်း တွေ့ရပြီး၊ အများဆုံးဆွေးနွေးထားသည့် အကြောင်းအရာများမှာ မြေယာသိမ်းဆည်းမှု (၂၆ ကြိမ်)၊ နိုင်ငံရေးနှင့် သယ်ယူပို့ဆောင်ရေး ခုနစ်ကြိမ်စီတို့ဖြစ်သည်။ အကြောင်းအရာ တစ်မျိုးတည်းကို ဆယ်ကြိမ်နှင့်အထက် ဆွေးနွေးနိုင်ခဲ့သည့် အခြားပါတီ မရှိပါ။ ပါတီအားလုံးစုစုပေါင်း အဆိုဆွေးနွေးမှုတွင် မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်ပြီး ဆွေးနွေးမှုအများဆုံးဖြစ်ကြောင်း တွေ့ရကာ ၄၅ ကြိမ်ဆွေးနွေးထားသည်၊ နိုင်ငံရေးနှင့် ပတ်သက်ပြီး ၂၃ ကြိမ်ဆွေးနွေးထားသည်။

## တိုင်းရင်းသားဖြစ်မှုအလိုက် ဆက်စပ်လေ့လာခြင်း

အဆိုများကို ဆွေးနွေးမှုတွင် အဆိုတင်သွင်းသူ၏ တိုင်းရင်းသားဖြစ်မှုနှင့် အဆိုဆွေးနွေးသူ၏ တိုင်းရင်းသားဖြစ်မှုကို ဆက်စပ်လေ့လာကြည့်သည့်အခါ လွှတ်တော်တွင်းအများစုဖြစ်သည့် ဗမာတိုင်းရင်းသားများဆွေးနွေးမှုမှာ ၆၉ ကြိမ်ဖြင့် အမြင့်ဆုံးဖြစ်ကြောင်းတွေ့ရသည်။ ထိုအထဲမှ ၅၉ ကြိမ်မှာ ဗမာတိုင်းရင်းသားများ တင်သွင်းသည့်အဆိုများအပေါ် ဆွေးနွေးမှုဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခြင်းခံရသော အဆိုများကို တင်သွင်းသူများမှာ ဗမာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။ ဝင်ရောက်ဆွေးနွေးမှုတွင်လည်း ရခိုင်တိုင်းရင်းသားများသည် ၁၄ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်သည်။ ထိုအထဲမှ ၁၃ ကြိမ်မှာ ဗမာတိုင်းရင်းသားများတင်သွင်းသည့် အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်သည်။ ဗမာတိုင်းရင်းသားများတင်သွင်းသည့် အဆိုများကိုလည်း တိုင်းရင်းသားပေါင်းစုံ ဝင်ရောက်ဆွေးနွေးကြသည်။

## ဒေသအလိုက် ဆက်စပ်လေ့လာခြင်း

အဆိုတင်သွင်းဆွေးနွေးသည့် ကိုယ်စားလှယ်များ၏ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြုမှုများကို ဆက်စပ် လေ့လာကြည့်သည့်အခါ ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းပြီး ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုကို အမြင့်ဆုံး တွေ့ရပြီး ၁၀ ကြိမ်ရှိခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် အဆိုများ ကို အများဆုံး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုပေါင်း ၁၁၁ ကြိမ်တွင် ၄၈ ကြိမ်ဆွေးနွေးမှု ရှိခဲ့သည်။ မန္တလေးတိုင်း ဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော အဆိုများမှာ ၂၈ ကြိမ်ဖြင့် ဒုတိယအများဆုံး ဆွေးနွေးခံရ သည်။

ပြည်နယ် ခုနစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ တင် သွင်းသည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုမှာ ၃၃ ကြိမ်ရှိပြီး၊ တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ် များက ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် များတင်သွင်းသည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုမှာ ၁၃ ကြိမ် ရှိသည်။

# အခန်း (၆)
# အကြံပြုချက်များ

လွှတ်တော်တွင် ထင်ရှားသော လုပ်ငန်းဆောင်တာတစ်ရပ်ဖြစ်သည့် အဆိုတင်သွင်းမှုသည် လွှတ်တော်၏ အဓိက အင်္ဂါရပ်များဖြစ်သော ကိုယ်စားပြုရေး၊ အစိုးရကို စိစစ်ထိန်းကျောင်းရေးနှင့် ဥပဒေပြုရေး သုံးမျိုးလုံးအတွက် အဓိကကျသည့် လုပ်ငန်းဆောင်တာတစ်ရပ်ဖြစ်သည်။ ထို့ပြင် မေးခွန်းမေးမြန်းခြင်း လုပ်ငန်းစဉ်ကဲ့သို့ လွှတ်တော်နှင့် အစိုးရကြား ဆက်ဆံရေးပုံကို အားပြုခြင်းထက် လွှတ်တော်အတွင်းမှ မဲဆန္ဒနယ် အသီးသီးမှ ရွေးကောက်တင်မြှောက်ခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်များအကြား တက်ကြွသည့် အပြန်အလှန် ဆွေးနွေးငြင်းခုန်မှုများကိုလည်း ပေါ်ပေါက်စေသည်။ ဥပဒေပြုရေးမှအပ နိုင်ငံတစ်ခု၏မူဝါဒချမှတ်ရေးအပိုင်းထိ ဥပဒေပြုရေးမဏ္ဍိုင်က လွှမ်းမိုးနိုင်သည့် လုပ်ငန်းဆောင်တာ တစ်ရပ်လည်းဖြစ်သည်။ သို့ဖြစ်ရာ အဆိုများကို အရေအတွက်အရရော အရည်အချင်းအရပါ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် ဒီမိုကရေစီတည်ဆောက်မှုအတွင်း လွှတ်တော်၏ အရေးပါ အရာရောက်မှုကဏ္ဍကို သိသာပေါ်လွင်စေမည်ဖြစ်သောကြောင့် အဆိုတင်သွင်းမှုအပိုင်းတွင် ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးသည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီအတွက် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွင်း အဆိုဆိုင်ရာ အချက်အလက်များကို သုံးသပ်ရာတွင် အဆိုတစ်ခုကို တင်သွင်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံနှင့်အထက်က ဆွေးနွေးရန် သဘောတူညီထားသည့်တိုင် အဆုံးအဖြတ်တစ်ခုခု ကျသည့်ထိ ဆက်လက်ဆွေးနွေးခြင်း မတွေ့ရတော့သည့် အဆိုအချို့ကို တွေ့ရှိရပါသည်။ လွှတ်တော်တွင် ဆွေးနွေးသင့်သည်ဟု ဦးစားပေးသဘောဖြင့် ရွေးချယ်ထားသည့် အဆိုများသည် ဆွေးနွေးခြင်း အဆုံးအဖြတ်ပြုခြင်း မခံရဘဲ အစည်းအဝေးများစွာ ကြာမြင့်သည့်ထိ ကြန့်ကြာနေခြင်းမှာ ရှေ့နောက်ညီညွတ်ခြင်းမရှိသည့်သဘော သက်ရောက်လျက် ရှိနေပါသည်။ သို့ဖြစ်ရာ လွှတ်တော်တွင်တင်သွင်းပြီး ဆွေးနွေးရန် သဘောတူညီထားသည့် အဆိုတိုင်း သင့်တင့်လျောက်ပတ်သည့် အချိန်ပေး၍ ဆွေးနွေးခွင့်ရရှိစေရန် သက်ဆိုင်ရာ လွှတ်တော်သာမက အဆိုတင်သွင်းသူ၊ အဆိုတင်သွင်းခြင်းကို ထောက်ခံ/သဘောတူသူ လွှတ်တော်ကိုယ်စားလှယ်များကပါ အားထုတ်ဆောင်ရွက်သင့်ပါသည်။ ဥပမာအားဖြင့် အဆိုအချို့သည် ဆွေးနွေးရန်သဘောတူထားသော်လည်း လွှတ်တော်အစည်းအဝေးများ ဆက်လက်ကျင်းပနေသည့်တိုင် လွှတ်တော်၏ အစီအစဉ်များတွင် ပါဝင်လာရန် ကြန့်ကြာမှုများ ရှိနေသဖြင့် အဆိုကို ပြန်လည်တင်သွင်းခြင်း၊ အရေးကြီးအဆိုအဖြစ် တင်သွင်းခြင်း နည်းများဖြင့် ဆွေးနွေးခွင့်ရရန် ကြိုးပမ်းမှုများ ရှိခဲ့သည်ကို တွေ့ရသည်။ ထိုသို့ ကြိုးပမ်းရာ

တွင် ဆွေးနွေးဆုံးဖြတ်ခြင်း ခံရကြောင်း တွေ့ရှိရပါသည်။

အဆိုတစ်ရပ်အား ဆွေးနွေးရန် သဘောတူညီမှုရှိမရှိ အဆုံးအဖြတ် ရယူခြင်း၊ အဆို၏ အဆုံးအဖြတ်ကို ရယူခြင်း တို့တွင် နည်းဥပဒေအရ မတ်တပ်ရပ်ဆန္ဒပြုခြင်း နည်းလမ်း နှင့် လျှို့ဝှက်(စက်ခလုတ်နှိပ်) ဆန္ဒပြုခြင်း နည်းလမ်းတို့ကို သတ်မှတ်ထားပါသည်။ ထိုနည်းလမ်းနှစ်ခုအား ရွေးချယ် အသုံးပြုခြင်းကို ပြည်ထောင်စုလွှတ်တော်နာယက သို့ မဟုတ် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများက ဆုံးဖြတ်ပိုင် ခွင့်ရှိကြောင်း ဖော်ပြချက်ကိုလည်း တွေ့ရပါသည်။ အဆုံး အဖြတ်များ ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် အထိအရှ လွယ်သော အဆုံးအဖြတ်များအတွက် လွတ်လပ်စွာ ဆန္ဒမဲ ပေးနိုင်ခွင့်တို့ကို ဟန်ချက်ညီစွာ ကျင့်သုံးနိုင်ရန် လိုအပ်ပါ သည်။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အသားပေးသုံးစွဲမှုသည် လွှတ်တော်၏ ပွင့်လင်းမြင်သာမှုပုံရိပ်ကို ထိခိုက်စေနိုင် သလို မတ်တပ်ရပ်ဆန္ဒပြုခြင်းကို အသားပေး သုံးစွဲပါက လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးချယ်ခွင့်ကို ကျဉ်းမြောင်းစေကာ ၎င်းတို့၏ လွတ်လပ်စွာ ရပ်တည်ဆုံး ဖြတ်မှုပေါ်တွင် မလိုလားအပ်သည့် သက်ရောက်မှုများ ရှိ စေနိုင်ပါသည်။ ထို့ကြောင့် ပို၍ ထိရောက်တိကျသော လုပ် ထုံးလုပ်နည်းများကို ချဲ့ထွင်စဉ်းစားရန် လိုအပ်ပါသည်။ ပွင့်လင်းမြင်သာမှု အားကောင်းသည့် လွှတ်တော်တစ်ရပ် အဖြစ် လျှို့ဝှက်ဆန္ဒပြုခြင်းကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်ကာ အဆိုတစ်ခုချင်းစီအလိုက် လွှတ်တော်ကိုယ် စားလှယ်တစ်ဦးချင်းစီ၏ ထောက်ခံမှု ကန့်ကွက်မှုတို့ကို တိကျစွာ မှတ်တမ်းထားရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော် တစ်ရပ်ရပ်တွင် အဆိုများတင်သွင်းရာတွင် မဲဆန္ဒရှင်များကို ကိုယ်စားပြုတင်ပြရခြင်းသာမက သက်ဆိုင်ရာ နောက်ခံနိုင်ငံ ရေးပါတီ၏ ရပ်တည်မှုကိုပါ ထင်ဟပ်ဖော်ပြရခြင်း ဖြစ်သည်။ လွှတ်တော်နည်းဥပဒေများအရ လွှတ်တော်အတွင်း တင်သွင်း ဆွေးနွေး ဆုံးဖြတ်ခဲ့ပြီးသည့် အဆိုတစ်ရပ်အပေါ် ပြင်ဆင် ချက် အဆို တင်သွင်းခွင့် ပေးထားသော်လည်း ထိုနည်းလမ်း အား လွှတ်တော် ပုံမှန်အစည်းအဝေး ပထမခြောက်ကြိမ် အတွင်း အသုံးပြုခြင်း မရှိခဲ့သည်ကို တွေ့ရပါသည်။ အရေး ကြီးအဆို တင်သွင်းခြင်း၊ တင်ပြပြီးအဆို ပြန်လည်တင် သွင်းခြင်း နည်းလမ်းများအပြင် ပြင်ဆင်ချက်အဆို တင်သွင်း ခြင်းနည်းလမ်းတို့ဖြင့် ကိုယ်စားပြုရေး၊ အစိုးရအား ထိန်း ကျောင်းစိစစ်ရေးနှင့် ဥပဒေပြုရေးဟူသည့် ရည်ရွယ်ချက် ကောင်းများဖြင့် တင်သွင်းသောအဆိုများ အပေဟာသိကံ မဖြစ်စေရန် အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်သည်။

ပုံမှန်အစည်းအဝေးပထမခြောက်ကြိမ်အတွင်းလွှတ်တော် သုံးရပ်တွင် တင်သွင်းခဲ့သည့် အဆိုစုစုပေါင်းသည် ပျမ်းမျှ အားဖြင့် လွှတ်တော်တစ်ရပ်ကို တစ်နေ့လျှင် အဆို ၁ ခုနှုန်း သာ တင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရပါသည်။ နည်းဥပဒေ အရ အဆိုလေးခုထက် ပိုမိုတင်သွင်းခြင်း မပြုရဟု ကန့်သတ် ချက်ထားရှိသည်ဖြစ်ရာ အရေအတွက်အားဖြင့် အဆိုတင် သွင်းမှု နည်းပါးသည်ဟု ဆိုနိုင်သည်။ လွှတ်တော်အတွင်း နိုင်ငံရေးပါတီ၊ တိုင်းရင်းသား ကိုယ်စားပြုမှု ကြီးမားသည် ဖြစ်စေ၊ နည်းပါးသည်ဖြစ်စေ သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ပြည်သူများ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အဆိုပိုမို တင်သွင်းနိုင်မှုသာ လွှတ်တော်၏ သက်ဝင်လှုပ်ရှားမှုသည် ယခုထက်ပို၍ အားကောင်းလာမည် ဖြစ်သည်။ ဥပမာအား ဖြင့် အမျိုးသားလွှတ်တော်အတွင်း ကိုယ်စားပြု မှု ၅ ရာခိုင် နှုန်းရှိသည့် ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ် စားလှယ် များသည် အဆို ၂၂ ခုထိ (အဆိုစုစုပေါင်း၏ ၁၄.၇ ရာခိုင်နှုန်း) တင်သွင်းခဲ့ကြောင်း တွေ့ရပြီး၊ ယင်းအဆိုများထဲမှ အဆို ၆ ခု အတည်ပြုခြင်း ခံခဲ့ရသည်ကို ထောက်ဆလျှင် ကိုယ်စား ပြုမှုနည်းပါးသည့် ပါတီများနှင့် တိုင်းရင်းသားများ အနေဖြင့် လည်း နိုင်ငံသားများ၊ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားအတွက် ပိုမိုဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ရှိနေဆဲဖြစ်ကြောင်း သိသာမည် ဖြစ်ပါသည်။

လွှတ်တော်အစည်းအဝေး ပထမခြောက်ကြိမ်အတွင်း အဆိုများမှာ အစိုးရကို စိစစ်ထိန်းကျောင်းရန် ရည်ရွယ် ကြောင်း တွေ့ရှိရပါသည်။ ကိုယ်စားပြုရန် ရည်ရွယ်ချက် ဖြင့် တင်သွင်းသော အဆိုအရေအတွက်မှာ နည်းပါးနေသေး သည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်နှင့် ပြည်ထောင်စုတဝန်းရှိ တိုင်းရင်းသားပြည်သူ များ၏ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်မည့် အဆိုများ ပိုမို တင်သွင်းနိုင်ရန် မဲဆန္ဒရှင် ပြည်သူများနှင့် ဆက်ဆံရေးကို မြှင့်တင်ရန်၊ ထိတွေ့မှုမြင့်မားလာစေမည့် နည်းလမ်းများ၊ သတင်းအချက်အလက် ရယူနိုင်မှုလမ်းကြောင်းများ ပိုမိုဖန်တီးအသုံးပြုရန် လိုအပ်ပါသည်။ ပြည်သူများအနေ ဖြင့်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက် သွယ်နိုင်သည့် အခွင့်အရေးများကို ထိရောက်စွာ အသုံးပြု နိုင်ကြရန် လိုအပ်မည် ဖြစ်ပါသည်။

## ကိုးကားစာရင်း

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊
လွှတ်တော်ရုံး။
၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(ပထမတွဲ)၊ လွှတ်တော်ရုံး။
၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(တတိယတွဲ)၊ လွှတ်တော်ရုံး။
၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(စတုတ္ထတွဲ)၊ လွှတ်တော်ရုံး။
၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
တတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(ပထမတွဲ)၊ လွှတ်တော်ရုံး။
၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
တတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း
(ပထမတွဲ)၊ လွှတ်တော်ရုံး။
၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း
(ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း
(တတိယတွဲ)၊ လွှတ်တော်ရုံး။
၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊
လွှတ်တော်ရုံး။
၁၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း
(ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း
(ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၄။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊
လွှတ်တော်ရုံး။
၁၅။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၆။ ပထမအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း
(ဒုတိယတွဲ)၊ လွှတ်တော်ရုံး။

၁၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၁၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၈။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၃၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၃၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၃၄။ The New Light of Myanmar; dated 25th October, 2011; 17th December, 2011; 7th, 14th January, 2012; 8th February, 2012; 4th July, 2012; 2nd August, 2012; 4th, 9th January, 2013; 13th June, 2013; 2nd August, 2013;
၃၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြန်တမ်း၊ ၄၊ မေ၊ ၂၀၁၂ ခုနှစ်။
၃၆။ မြန်မာ့ရက်စဉ်သမိုင်း (တတိယတွဲ၊ အပိုင်း-၂)၊ သမိုင်းသုတေသန ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၂)

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ ပုံမှန်အစည်းအဝေးများအတွင်း အဆိုများ လေ့လာချက်)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၂) အတွက် အချက်အလက်ကောက်ယူရာတွင် လွှတ်တော်လုပ်ငန်းဆောင်တာများထဲမှ အဆိုတင်သွင်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုင်းခြားလေ့လာထားခြင်းဖြစ်ပါသည်။ ရရှိနိုင်သည့် အချက်အလက်အထောက်အထားများကို အခြေခံ၍ ပထမဆုံး ခြေလှမ်းတစ်ခုဖြစ်သော ယခု 'မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ အဆိုများလေ့လာချက်)' ကို ကိန်းဂဏန်းစာရင်းဇယားများနှင့် ဂရပ်ပုံများအဖြစ် ပြောင်းလဲလျက်လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေရခြင်း ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ စောင့်ကြည့်လေ့လာရေးအစီအစဉ်မှ အစီရင်ခံစာများကို ရွေးကောက်ခံ သို့မဟုတ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်၊ အများပြည်သူသိရှိခြင်းငှာ ထောက်ပြနိုင်ရန်နှင့် အကြံပေးမှုများကိုပြုလုပ်နိုင်ရန် ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်မှ ပြုစုထုတ်ဝေသွားမည် ဖြစ်ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် ငွေကြေးအကျိုးအမြတ်အတွက် ရည်မျှော် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားသော အနာဂတ်ကို တည်ဆောက်ရာတွင် နိုင်ငံသားတိုင်းတစ်ဦးမကျန် ပါဝင်အားစိုက်ဆောင်ရွက်နိုင်ကြရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် သတင်းအချက်အလက်နှင့် အသိဉာဏ်အလင်းရပိုင်ခွင့်များကို မြှင့်တင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံရေးပါတီအစွဲမရှိသော၊ အနောင်အဖွဲ့ကင်း၍ အတွေးအခေါ်အရ လွတ်လပ်သော လူပုဂ္ဂိုလ်များ၏ စုဖွဲ့ဆောင်ရွက်မှုတစ်ခုလည်း ဖြစ်သည်။ ထိုသို့စုဖွဲ့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းစုဖွဲ့မှုသည် အထက်အောက်စုဖွဲ့ဆောင်ရွက်မှုမျိုးမဟုတ်ဘဲ တန်းတူပူးပေါင်းပါဝင်မှုရှိသည့် အဖွဲ့အစည်းပုံစံ ဖြစ်သည်။